SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
Students & Youth Congress Of Burma

အတွဲ-၃၊ အမှတ်စဉ် (၂၉) မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်စာစောင် ဇွန်လ၊ ၂၀၀၉ ခုနှစ်

# ဘန်ကီမွန်းခရီးစဉ် အကျိုးရလာဒ်မရှိဟု လေ့လာသူများပြော

၀၄ ဇူလိုင် ၂၀၀၉

မြန်မာစစ်အစိုးရအာဏာပိုင်များ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ (၂)ရက်ကြာ လာရောက်သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ခရီးစဉ်သည် မြန်မာ့ဒီမိုကရေစီရေးနှင့် ပတ်သက်ပြီး သိသာထင်ရှားသည့် အကျိုးရလဒ်ကို မရရှိခဲ့ကြောင်း လေ့လာသူများကပြောပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP)အတွင်းရေးမှူး ဦးအေးသာအောင်က မစ္စတာဘန်ကီမွန်း၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် **"အစကတည်းကလည်း မျှော်လင့်ချက်သိပ်မထားခဲ့ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ လက်ရှိအာဏာပိုင်တွေကတိုင်းပြည်မှာ တကယ်လိုအပ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ဖို့ ဆန္ဒကိုမရှိဘူး၊ ဒီနေ့ဆို မစ္စတာ ဘန်ကီမွန်းခရီးစဉ်ပြီးပြီ ၊ ဒါပေမယ့် ကြားရသလောက်ကောင်းတဲ့ရလဒ်တွေရနိုင်မယ်လို့အရင်ကတည်းကမမျှော်လင့်ဘူး၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန် မစ္စတာဘန်ကီမွန်းက ပြောဆိုသည့်တိုင် စစ်အစိုးရက ဆောင်ရွက်ပေးလိမ့်မည်ဟု မထင်ထားကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင်ကာလမှာ မည်သူကပင်ပြောသည်ဖြစ်စေ စစ်အစိုးရက လိုက်နာမည့် သဘောမရှိကြောင်း"**ပြောပါသည်။

ထို့အတူ မစ္စတာဘန်ကီမွန်း နေပြည်တော်တွင် စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ၂ကြိမ်တွေ့ဆုံခွင့်ရပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်တောင်းသည်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ အမှုရင်ဆိုင်နေရသည့် တရားခံဖြစ်နေလို့ ဆိုသည့်အကြောင်းပြချက်ဖြင့် ခွင့်မပြုခဲ့ပေ ထိုသို့ တွေ့ခွင့်မပြုသည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း က **"ကျနော်တို့ အမြင်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မစ္စတာဘန်ကီမွန်းကို တွေ့ခွင့်မပေးဘူးဆိုရင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် စေတနာနည်းနေသေးလို့ ပေးမတွေ့တာလို့ပဲ ပြောချင်တယ်"**ဟုပြောပါသည်။

သံအမတ်ကြီးဟောင်းနှင့် ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ သခင်ချန်ထွန်းကလည်း မစ္စတာဘန်ကီမွန်းကို ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်မပေးခြင်းဟာ**"တွေ့ဆုံဆွေးနွေးရေးအပါအဝင် ၂၀၁၀ရွေးကောက်ပွဲ တရားမျှတစွာ ကျင်းပရေးတို့ကို မလိုက်လျောနိုင်သော တင်းမာသည့် သဘောထားဟုယူဆကြောင်း၊ သံတမန်ရေးအရတော့ နည်းလမ်းမကုန်သေးပါဘူး၊ သူ တရုတ်တို့ရုရှားတို့ကိုချဉ်းကပ်ဦးမှာပေါ့၊ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေနဲ့ချဉ်းကပ်တင်ပြပြီးတော့ တွေ့ဆုံဆွေးနွေးရေးအတွက် တိုက်တွန်းဆောင်ရွက်ဖို့အလားအလာရှိတယ်"**ဟုလည်း ပြောဆိုသည်။

မစ္စတာဘန်ကီမွန်း၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြားဝင်ဆောင်ရွက်ရေးအတွက် လာရောက်ခြင်းဖြစ်သောကြောင့် စစ်အစိုးရတဘက်တည်းက

စာမျက်နှာ(၆)သို့









SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# (၄၇)နှစ်မြောက် (၇)ဇူလိုင် အထိမ်းအမှတ် မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၏ ထုတ်ပြန်ကြေငြာချက်

၇ ဇူလိုင်နေ့ဆိုသည်မှာ ဗိုလ်နေဝင်းစစ်အုပ်စု နိုင်ငံရေးဇာတ်ခုံပေါ်တက်လာတာနဲ့ 'ဓါးဓါးခြင်း လှံလှံခြင်း'ရင်ဆိုင်ဖြေရှင်းမည်ဟုကြုံးဝါးပြီး ကျောင်းသားထုနှင့်ပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး၊ သမိုင်းဝင်(တကသ)အဆောက်အဦးကို ဒိုက်နမိုက်ဖြင့်ဖြိုခွဲပြီး ရက်စက်ယုတ်မာမှုများကိုဖော်ပြသည့် (၄၇)နှစ်ပြည့် သမိုင်းဝင်နေ့ဖြစ်သလို ကျောင်းသားထုရဲ့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအတွက် တိုက်ပွဲဝင်ခွပ်ဒေါင်းအလံကို အမြင့်မားဆုံးလွှင့်ထူပြီး ပြည်သူလူထုကို သွေးမီးမောင်းထိုးပြခဲ့သည့် နေ့လည်းဖြစ်ပါသည်။

ထိုမှတဆင့် '၇၄ ၊ ၇၅ ၊ ၇၆ ၊ ၈၈' ဒီမိုကရေစီအရေးတော်ပုံကြီး၊ ၂၀၀၇ ခုနှစ် ရဟန်းသံဃာနှင့်ကျောင်းသားများ ဦးဆောင်သည့် စက်တင်ဘာလူထုလှုပ်ရှားမှုတိုင်အောင်ပင် မျိုးဆက်သစ်ကျောင်းသားလူငယ်ထုများ၏ လှုပ်ရှားမှုများတွင် သမိုင်းအစဉ်လာကြီးမြတ်သည့် ကျောင်းသားသမဂ္ဂစိတ်ဓါတ်ဖော်ထုတ်ရေး ၊ (တကသ)အဆောက်အဦးနှင့် တရားဝင်ကျောင်းသားသမဂ္ဂပြန်လည်ဖွဲ့စည်းရေး ၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး ၊ ပြည်တွင်းငြိမ်းချမ်းရေး ၊ ဒီမိုကရေစီရရှိရေး ၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့ကို တိုင်းပြည်နှင့်လူမျိုးပေါင်းစုံပြည်သူတို့အတွက် ကျောင်းသားထု၏ လက်တွေ့တိုက်ပွဲလုပ်ငန်းစဉ်များအဖြစ်ချမှတ်ခဲ့ကြပါသည်။

အခုအခါမှာ (နအဖ)စစ်အုပ်စုဟာ (မေလ)လူထုဆန္ဒလုယူပွဲဖြင့် စစ်အာဏာရှင်စနစ် ဆက်လက်သက်ဆိုးရှည်ရေး၊ အာဏာတည်မြဲရေးနှင့် အကျိုးစီးပွားကာကွယ်ရေးအတွက် (၂၀၁၀)မှာဖွဲ့စည်းပုံအခြေခံဥပဒေကိုအသက်သွင်းဖို့ ရွေးကောက်ပွဲအသစ် တရပ်ပြုလုပ်ရန်ပြင်ဆင်နေပြီး ဒေါ်အောင်ဆန်းစုကြည်အား မတရားလုပ်ကြံဖမ်းဆီးထားသလို၊ အပစ်ရပ်တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း နိုင်ငံရေးအရဖြေရှင်းခြင်းမပြုပဲ အတင်းအကြပ်နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲခိုင်းနေခြင်း၊ တိုင်းရင်းသားအချင်းချင်းအကြားမှာလည်း သွေးခွဲသပ်လျှိုရန်တိုက်ပေးနေခြင်းများကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူအပေါင်းမှာ နယ်စပ်ဒေသနှင့် တောတောင်များထဲတွင် ဒုက္ခပေါင်းများစွာဖြင့်ပုန်းအောင်းနေကြရပါသည်။

ထိုကြောင့် (မဆလ)၊ (နဝတ)၊ (နအဖ)စစ်အာဏာရှင်စနစ်တည်ရှိနေသ၍ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီအရေးဟာလည်း ဖြစ်ပေါ်လာနိုင်စရာမရှိသည့်တွက် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးနဲ့ ကျောင်းသားလူငယ်များအနေဖြင့် ရဲရဲရင့်ရင့် ရပ်တည်တိုက်ပွဲဝင်ခဲ့သည့် ကျောင်းသားသမဂ္ဂစိတ်ဓါတ်၊ တိုက်ပွဲဝင်ခွပ်ဒေါင်းအလံတော်၊ တိုက်ပွဲဝင်ကျောင်းသားအပေါင်းတို့၏ တိုက်ပွဲအဆက်ဆက် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဖို့အချိန်အခါဖြစ်သလို စစ်အာဏာရှင်စနစ်ကျဆုံးသည်အထိ ကျနော်တို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်မှ လူမျိုးပေါင်းစုံကျောင်းသားလူငယ်ထုနှင့်အတူ အတက်ကြွဆုံးလက်တွဲပါဝင်ဆောင်ရွက်သွားမည်ဟု ဤ(၄၇)နှစ်မြောက် '၇ ရက် ဇူလိုင်' အထိမ်းအမှတ်နေ့တွင် လေးနက်တည်ကြည်စွာဖြင့် ထုတ်ပြန်ကြေငြာအပ်ပါသည်။

ရဲရင့်သူတွေအတွက် ပန်းတိုင်ရှိတယ်–တိုက်ရဲသူတွေအတွက် အောင်ပွဲရှိတယ်၊<br>၇ ဇူလိုင် တိုက်ပွဲဝင်စိတ်ဓါတ် အစွန့်ရှည်ပါစေ။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(အက်စ်ဝိုင်စီဘီ)
၂၀၀၉ ခုနှစ် ၊ ဇူလိုင်လ (၇) ရက်။

## SYCB MEMBERS ORGANIZATIONS

## မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ရက် အဖွဲ့ဝင်အဖွဲ့အစည်းများ

AASYC ABSDF ABSL AKSYU ALD DPNS KNGY KSDF

KYO MYPO NLD-LA NNLD TSYO PYO TYO ZSYO

# စစ်အစိုးရနှင့်ရုရှားပူးပေါင်းသည့် လူ့အခွင့်အရေးချိုးဖေါက်မှုအကြောင်း ပအိုဝ်းလူငယ်များသတင်းစာရှင်းလင်းပွဲပြုလုပ်




**၂၉ ဇွန်လ ၂၀၀၉**

တောင်ကြီးမြို့ အရှေ့တောင်ဘက်တွင် ရုရှား နှင့် စစ်အစိုးရတို့ ပူးပေါင်း၍ သတ္တုသန့်စင် စက်ရုံတည်ဆောက်နေခြင်းကြောင့် ဒေသခံများ လယ်ယာမြေဆုံးရှုံးခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးနေခြင်းနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံအခြေစိုက် ပအိုဝ်းလူငယ်များအစည်းအရုံးမှ သတင်းစာရှင်းလင်းပွဲ တရပ်ကို ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်IC (International Center) ခန်းမတွင် ပြုလုပ်ခဲ့ပါသည်။

ထိုသတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်၍ ပအိုဝ်းလူငယ်အစည်းအရုံး ပြောခွင့်ရပုဂ္ဂိုလ် ခွန်ချန်ကြည်က **"ကျနော်တို့ရည်ရွယ်ချက်က ပင်းပက်တောင်(လွယ်ပန်ပက်)သတ္တုတူးဖေါ်ရေးလုပ်ငန်းကြောင့်သစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုတွေဖြစ်လာတယ်ဒီတော့ဒေသခံလူထုရဲ့ယဉ်ကျေးမှုအမွေအနစ်တွေကိုကာကွယ်မှုရအောင် နိုင်ငံတကာအင်အားစုတွေအနီးကပ်စောင့်ကြည့်စစ်ဆေးမှုပြုပေးဖို့၊စီမံကိန်းမှာပါဝင်ပတ်သက်တဲ့ ကုမ္ပဏီတွေလုပ်ငန်းမှာရပ်ဆိုင်းပြီး၊ဒေသခံတွေနစ်နာဆုံးရှုံးခဲ့တဲ့ အိုးအိမ်လယ်ယာတွေအတွက် ထိုက်တန်တဲ့နစ်နာကြေးရဖို့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်တယ်"**ဟု ပြောပါသည်။

စစ်အစိုးရစီမံကိန်းက သံရိုင်းတူးဖေါ်သန့်စင်စက်ရုံဟု ပြောဆိုနေသော်လည်း ဒေသခံများကြားတွင် ယူရေနီယံ(နျူကလီးယားလက်နက်ထုတ်လုပ်ရေးကုန်ကြမ်း)တူးဖေါ်သန့်စင်နေကြောင်း၊ နျူကလီးယားစက်ရုံတည်ဆောက်နေသည်ဆိုသည့် သတင်းပျံ့နှံ့နေသောကြောင့် ဆိုင်ရာအဖွဲ့အစည်းများက စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်လည်း ပါဝင်ကြောင်း သူကဆက်ပြောပါသည်။

ထို့အတူ မဆလ အစိုးရခေတ် ၁၉၇၉ တွင်လည်း ဗိုလ်ချုပ်နေဝင်း ညွှန်ကြားချက်ဖြင့် ဦးစိုးဝင်းဦးဆောင်သည့် သတ္တုရှာဖွေရေးအဖွဲ့ တဖွဲ့လည်း ပင်းပက်တောင်ကြောတွင် စခန်းချပြီး ယူရေနီယံလျှို့ဝှက်ရှာဖွေမှုပြုလုပ်ခဲ့ဖူးကြောင်း၊ ယခုလည်း ရုရှားနှင့်စစ်အစိုးရ ပူးပေါင်းပြီး နျူကလီးယားဓါတ်ပေါင်းဖို စက်ရုံတည်ဆောက်နေသည်ဟု သတင်းထွက်ရှိနေသောကြောင့် ဒေသခံလူထုက ပိုမိုစိုးရိမ်ကြောင်း ပအိုဝ်းလူငယ်အစည်းအရုံးက ဆိုပါသည်။

တဆက်တည်း ခွန်ချန်ကြည်က**"၂၀၀၄ ခု အဲဒီစီမံကိန်းစတင်ကတည်းက လယ်ယာမြေ အများအပြားသိမ်းပိုက်တယ်၊အနီးတဝိုက်ကျေးရွာကမိသားစုတချို့ကို အဓမ္မအိမ်ယာပြောင်းရွှေ့ခိုင်းတယ်၊ ရွာသားတွေအသုံးပြုတဲ့ချောင်းတွေလဲပိတ်ပစ်တယ်စိုက်ပျိုးလို့မရအောင်လုပ်တယ်ဆောက်လုပ်ရေးအတွက်လိုအပ်တဲ့ကျောက်တုံးကျောက်ခဲတွေကို ရွာအနီးတဝိုက်ကကျောက်တောင်/ကျောက်ကမ်းပါးတွေမှာမိုင်းခွဲတဲ့အတွက် ကျောင်းကန်အဆောက်အဦး၊ စေတီပုထိုး၊ အက်ကွဲကုန်တယ်"**ဟုရှင်းပြပါသည်။

ထိုစီမံကိန်းကြောင့် တောတောင်မှီခိုအားထားသည့် ဒေသခံများ တောင်ပေါ်တက်ခွင့်မရတော့ဘဲ မှို၊ မျှစ်၊ ထင်းရှာဖွေရာ၌ အခက်အခဲဖြစ်သည့်အပြင် ကန့်သတ်နယ်မြေကြောင့် လွတ်လပ်စွာသွားလာရန် အခက်အခဲဖြစ်သောကြောင့် ရိုးရာပွဲတော်များ ကျင်းပခွင့်လည်း ဆုံးရှုံးကြောင်းပြောပါသည်။

ပင်းပက်(ခေါ်)လွယ်ပန်ပက် သတ္တုတူးဖေါ်ရေးစီမံကိန်းနေရာသည် သျှမ်းပြည် မြို့တော် တောင်ကြီးမြို့၏ အရှေ့တောင်ဘက်(၇)မိုင်အကွာဝေးပြီး၊ အနီးအနားကျေးရွာ ၂၅ ရွာ၊ သျှမ်းနှင့် ပအိုဝ်းလူဦးရေ(၇)ထောင်ခန့်နေထိုင်ကြကြောင်းသိရပါသည်။

# လွတ်လပ်ရေးရတိုင်း မကောင်းဘူးဟု သခင်သိန်းဖေ ပြော

**၁ ဇွန်လ ၂၀၀၉**

ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေရဲ့ (၉၃)နှစ်မြောက် မွေးနေ့ကို ရန်ကုန်မြို့နေအိမ်မှာကျင်းပခဲ့ကြောင်းသိရပါသည်။

ထိုအခမ်းအနားကို ဝါရင့်နိုင်ငံရေးသမားကြီးတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ အဖွဲ့ချုပ်ဝင်တွေတက်ရောက်ခဲ့ကြကြောင်းသိရပါသည်။ ထိုအခမ်းအနားမှ သခင်သိန်းဖေ၏ အမှတ်တရစကားနဲ့ပတ်သက်ပြီး သွားရောက်ခဲ့တဲ့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဒေါက်တာဝင်းနိုင် ပြောပြတာကတော့ **“သခင်သိန်းဖေက အခု အသက်(၉၃)နှစ်ဆိုတော့ အသက်ကြီးလာပြီပေါ့၊ အသက်ကြီးလာပြီဆိုပေမယ့်လည်း ဗမာပြည်လွတ်လပ်ရေးအတွက်ကို ဆက်လက်ပြီးတိုက်ပွဲဝင်မယ်လို့** လာတဲ့ဧည့်သည်တွေကို သခင်သိန်းဖေက နှုတ်ခွန်းဆက်စကားပြောပါတယ်။ ထို့အတူ ဦးဝင်းတင်ကလည်း **အခု သခင်သိန်းဖေကိုကြည့်ရင် အိုမင်းသော်လည်း လွတ်လပ်ရေးတိုက်ပွဲတွေလည်းဝင်ခဲ့တယ်၊ အခု ဒီမိုကရေစီတိုက်ပွဲမှာလည်း ဆက်လက်ပြီး လူကြီးတယောက်အနေနဲ့ ဦးဆောင်ပြီး စွမ်းစွမ်းတမံဆောင်ရွက်နေတဲ့အတွက် အိုမင်းနေပေမယ့်လည်း စွမ်းနိုင်ပါသေးတယ်ဆိုပြီးတော့ ဂုဏ်ပြုစကားပြောပါတယ်။”** အသက်(၉၃)နှစ်မြောက်မွေးနေ့ရှင်ဝါရင့်နိုင်ငံရေးသမားကြီးသခင်သိန်းဖေကမွေးနေ့အမှတ်တရစကားအနေနဲ့ “**ပြောချင်တာကတော့အန်အယ် တို့ အင်္ဂလိပ်လက်ထက်မှာ လွတ်လပ်ရေးတိုက်ခဲ့တော့ လွတ်လွတ်လပ်လပ်နေခဲ့ရတယ်။ အခု ဗမာလက်ထက်ကျတော့မှ အန်ကယ်တို့ ဒုက္ခရောက်ရတယ်လို့ ဒါကြောင့် လွတ်လပ်ရေးရတိုင်းလည်းမကောင်းဘူး၊ လွတ်လပ်ရေးလည်း သိပ်မလိုချင်ကြဘူး**” လို့ ပြောပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေဟာ အင်္ဂလိပ်၊ ဂျပန်တော်လှန်ရေးခေတ်တုန်းက တော်လှန်ရေးခေါင်းဆောင်တဦး ဖြစ်ခဲ့ပြီး တို့ဗမာအစည်းအရုံးဗဟိုကော်မတီဝင်တဦးအဖြစ်လဲ တာဝန်ထမ်းဆောင်ခဲ့ပါသည်။



သခင်သိန်းဖေ

# ၂၀၁၀မတိုင်မီ ကေအဲန်ယူကို အပြီးတိုက်ရန် နအဖ ညွှန်ကြား

**၁၀ ဇွန်လ ၂၀၀၉**




ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ)ကို နအဖ တပ်မ(၂၂)လက်အောက်ခံတပ်နဲ့ ဒီကေဘီအေ(၉၉၉၊ ၅၅၅၊ ၃၃၃) တပ်တွေပေါင်းပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် လှိုင်းဘွဲ့နဲ့ ပိုင်ကျုံမြို့နယ်အတွင်းမှာရှိတဲ့ ရွာ(၂၀)မှ ကရင်ဒုက္ခသည်ပေါင်း (၄၀၀၀)လောက်ဟာ စစ်အစိုးရတပ်နဲ့ ဒီကေဘီအေတပ်များ၏ နှိပ်စက်ညှင်းပန်းမှုဒဏ်ကိုမခံနိုင်သဖြင့် ထိုင်းမြန်မာနယ်စပ်ကို ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ဇွန်လဆန်းပိုင်းမှစ၍ ယနေ့အထိ ကေအဲန်ယူ လက်အောက်ခံ တပ်မဟာ(၇)ကို လက်နက်ကြီးဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေသည်နှင့်ပတ်သက်၍ အမည်မဖော်လိုသူ ဒီကေဘီအေ အရာရှိတဦးက **“မြန်မာအစိုးရအရာရှိ ဗိုလ်ချုပ်ရဲမြင့်နဲ့ဗိုလ်ချုပ်သိန်းစိန်တို့က သူတို့ကို တိုက်ခိုင်းတာဖြစ်ကြောင်း၊ ၂၀၁၀ရွေး**

စာမျက်နှာ(၅)သို့

## မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၏ ဦးတည်ချက်

- တိုင်းရင်းသားလူမျိုးစုံကျောင်းသားလူငယ်ထု၏ညီညွတ်မှုဖြင့် မြန်မာပြည်ဒီမိုကရေစီတိုက်ပွဲအရှိန်အဟုန်အား ပိုမိုမြှင့်တင်ရန်။
- တိုင်းရင်းသားလူမျိုးစုံကျောင်းသားလူငယ်ထုအတွင်းနားလည်မှုပိုမိုခိုင်မြဲခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တန်းတူညီမျှသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး။
- တိုင်းရင်းသားလူမျိုးစုံကျောင်းသားလူငယ်ညီညွတ်မှုဖြင့်မြန်မာပြည်စစ်အာဏာရှင်စနစ်အားအပြီးတိုင်ချုပ်ငြိမ်းစေရန်။
- တိုင်းရင်းသားလူမျိုးစုံကျောင်းသားလူငယ်ထု၏ညီညွတ်မှုဖြင့်ပြည်တွင်းကျောင်းသားလူငယ်ထု၏လှုပ်ရှားမှုအားတိုးမြှင့်ဆောင်ရွက်သွားရန်။
- နိုင်ငံတကာကျောင်းသားလူငယ်များနှင့်ပတ်သက်၍ ကမ္ဘာတဝှမ်း၌ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများ ရှင်သန်ထွန်းကားစေရေးနှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ရန်။

စာမျက်နှာ(၄)မှ

**ကောက်ပွဲအမှီ ဒီကေအဲန်ယူစခန်းအကုန်တိုက်ရမည်ပေါ့၊ ဒီကေဘီအေ ဦးဆောင်နာယကဖြစ်သည့် မြိုင်ကြီးငှ ဆရာတော်ကလည်း ကရင်အချင်းချင်းမတိုက်ခိုက်ကြရန် ဒီကေဘီအေနဲ့ ကေအဲန်ယူ ကိုစာရေးသားပေးပို့ထားသည်”** ဟုပြောသည်။

ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူး စောလှငွေကလည်း **“ ဒီကေဘီအေဆိုတော့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးဆိုပြီးတော့ သူတို့ရဲ့ ယဉ်ကျေးမှုလုပ်ငန်းလေးတွေ၊ နှစ်သစ်ကူးလုပ်ငန်းငယ် လေးတွေ သူတို့လုပ်ခွင့်ရသေးတာပေါ့။ ဒါပေမယ့် နောက်ပိုင်းမှာဆိုလို့ရှိရင် ဒါတွေက လုပ်ခွင့်မရတော့ပဲနဲ့ တဖြည်း ဖြည်းနဲ့ ဒီကေဘီအေ အသိုင်းအဝိုင်းကြီး၊ ကရင်အသိုင်းအဝိုင်းတခုလုံးက နအဖရဲ့ ကျွန်အောက်မှာ လုံးလုံးကျသွားမယ့် အခြေအနေရှိတဲ့အတွက်ကြောင့် ဒီကိုယ်ပိုင်ပြဌာန်းခွင့် နဲ့ကိုယ့်လွတ်လပ်မှု ကိုယ်ရပ်တည်နေတဲ့ (ဝ)တို့ ကိုးကန့်တို့ အက်စ်အက်စ်အေ တောင်ပိုင်းကိုလည်း နမူနာယူသင့်တာပေါ့။ ပြည်သူလူထု အသံကို နားထောင်ပြီးတော့ ပြည်သူလူထု ရင်ခွင်ထဲကို ပြန်လာကြဖို့။”** ကေအဲန်ယူက ဇွန်လ(၈)ရက်နေ့တွင် ထုတ်ပြန်ထားသည့်ကြေညာချက်တွင် တိုက်တွန်းထားကြောင်းပြောပါသည်။

ထို့အတူ မရပ်စဲသေးသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရွာသူရွာသားများမှာ ဖိနှိပ်မှုဒဏ်ကို မခံနိုင်သောကြောင့် ထိုင်းမြန်မာနယ်စပ်သို့ ဒုက္ခသည်ပေါင်း ၄၀၀၀ကျော်လောက် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

နေ့စဉ်ထုတ် မြန်မာစစ်အစိုးရ၏ သတင်းစာများတွင်မူ **“ကရင်ဒေသတိုက်ပွဲများမှ ထွက်ပြေးလာသူများမှာ အရပ်သားများမဟုတ်ဘဲ သောင်းကျန်းသူများနှင့် မိသားစုဝင်များသာဖြစ်သည်ဟု ဖော်ပြထားပြီး တိုက်ပွဲများတွင်လည်း မြန်မာ့တပ်မတော်က ပါဝင်ခြင်းမရှိပဲ (ဒီကေဘီအေ)နှင့်(ကေအဲန်ယူ)တို့ ကရင်အချင်းချင်းတိုက်ခိုက်ကြတာဖြစ်ကြောင်း”** ဖော်ပြထားပါသည်။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံခရီးစဉ် ရှင်းလင်း



**၀၅ ဇူလိုင်လ ၂၀၀၉**

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အချိန်မဆွဲဘဲ ပြန်လွှတ်ပေးသင့်ပြီး နိုင်ငံရေးဖြစ်စဉ်တွေမှာ လွတ်လွတ်လပ်လပ် ပါဝင်ခွင့်ပေးသင့်တဲ့အကြောင်း မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်တွန်းခဲ့တယ်လို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ထိုင်းဝန်ကြီးချုပ် အဘီဆစ်နှင့် ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်တွင် တွေ့ဆုံစဉ် ပြောကြားလိုက်ပါသည်။

စာမျက်နှာ(၉)သို့

# မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး(MDUF) နာယကကြီးဦးစိုးလွင်လည်းအသက်(၉၀)ပြည့်ပြီ



၂၁ ဇွန်လ ၂၀၀၉

မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး(MDUF) နာယကကြီး ဦးစိုးလွင်၏ နှစ်(၉၀) ပြည့်မွေးနေ့အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။အဆိုပါမွေးနေ့ပွဲသို့ မြန်မာပြည်ဒီမိုကရေစီအင်အားစုအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့ အစည်းအသီးသီးမှ ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ပြီးခဲ့သည့်နှစ် (၈၉) နှစ်ပြည့်မွေးနေ့ပွဲတွင် မြန်မာပြည် ဒီမိုကရေစီတော်လှန်ရေးတိုက်ပွဲနှင့် ပတ်သက်၍ သူ့၏ကိုယ်တွေ့အဖြစ်ပျက်များနှင့်နှိုင်းယှဉ်ကာ အမှတ်တရစကားပြောကြားခဲ့ရာတွင် **“ သူ့ရဲ့ထိတွေ့မှုအရ ရန်သူကို တပ်ပေါင်းစုနဲ့တိုက်ရမယ်၊ တပ်ပေါင်းစုတွေ ကျစ်လစ်ခိုင်မာအောင်လုပ်ရမယ်၊ လက်နက်အားကိုးပြီး ဖိနှိပ်သူကို လက်နက်နဲ့ပြန်တော်လှန်တာ တရားတယ်၊ အုပ်စိုးတဲ့သူ လက်နက်ကိုင်ထားသမျှ ကျနော်တို့တွေလည်း လက်နက်ကိုင်ထားရမယ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းအသီးသီးဟာလည်း လက်နက်ကိုင်ထားရမယ်၊ ဒီမိုကရေစီနဲ့လဲလို့မရဘူး၊ လက်နက်စွန့်လို့မရဘူး၊ ဖြစ်နိုင်ရင် ပြည်သူကိုပါ လက်နက်တပ်ဆင်ပေးရမယ်လို့ မှတ်မှတ်ရရ ပြောခဲ့တယ်”** အဘဦးစိုးလွင်သည် ၁၉၃၈ ခုနှစ် ၁၃၀၀ ပြည့်အရေးတော်ပုံစ၍ နိုင်ငံရေးတော်လှန်ရေးများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး၊ ၁၉၄၇ ခုနှစ် ဗမာ့တပ်မတော်ဖွဲ့စည်းရာတွင် ဒုဗိုလ်အဆင့်ဖြင့် တပ်ရင်း (၃) တွင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်၊ ၁၉၄၉ ခုနှစ် ဗိုလ်အဆင့်ခဲ့မှူးတာဝန်ဖြင့် တောခိုကာ(တော်လှန်ရေးနယ်မြေရောက်ရှိပြီး) ၂၀၀၁ ခုနှစ်(MDUF) ဒုဥက္ကဋ္ဌအဖြစ်မှ ကျန်းမာရေးအရ အနားယူပြီး နာယကအဖြစ်တာဝန်ယူခဲ့သည်မှာ ၂၁၊ ၆၊ ၂၀၀၉ ရက်နေ့တွင် အသက်(၉၀)ပြည့်မြောက်ခဲ့ပါပြီဖြစ်ပါသည်။

စာမျက်နှာ(၁)မှ

ပြောကြားချက်များကိုသာ နားထောင်၍ ပြန်သွားပါက ပြည့်စုံသည့် ခရီးစဉ်ဟု မယူဆနိုင်ကြောင်း၊ **“သူက ကျနော်တို့ နိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးတဲ့ ပုံစံနဲ့လာတာ၊ (၂)ဘက်ခေါင်းဆောင်တွေနဲ့တွေ့ခွင့်ရမှ ပိုပြီးတော့ပြည့်စုံမှာပေါ့၊ ဒီလို တွေ့ခွင့်မရဘဲ တဘက်တည်းနဲ့တွေ့ပြီး တဘက်တည်းကပြောတာကို နားထောင်သွားရင် မြန်မာပြည်ကိစ္စပြေလည်ရေးအတွက် သူ့ရဲ့ကြိုးပမ်းမှုတွေဟာ သိပ်ပြီးတော့အလုပ်ဖြစ်မယ်မထင်ဘူး၊ သူ့ခရီးစဉ်ကပြည့်စုံတဲ့ ခရီးစဉ်တခုမဖြစ်ဘူး”**ဟုသုံးသပ်ပါသည်။

မစ္စတာ ဘန်ကီမွန်းသည် နေပြည်တော်၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပြင် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအပါအဝင် စစ်အစိုးရထိပ်ပိုင်းခေါင်းဆောင်များ ဖြစ်သော ဒု ဗိုလ်ချုပ်မှူးကြီး မောင်အေး ၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တို့နှင့်လည်းတွေ့ဆုံကြောင်းသိရသည်။

ထို့အပြင် အတိုက်အခံ **NLD အပါအဝင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မြို(ခ)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ ဝ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုပအို့ဝ်အမျိုးသားအဖွဲ့ချုပ်** စသည့် နိုင်ငံရေးပါတီ(၁၀)ခုနှင့်အတူ တိုင်းရင်းသားအပစ်ရပ်များဖြစ်သည့် **ကချင်အထူးဒေသ(၁) NDA-K ၊ ရှမ်း/မြောက် အထူးဒေသ(၅) KDA ၊ရှမ်း/တောင် အထူးဒေသ(၆) PNO၊ ကယားအထူးဒေသ(၂) ကလလတ ၊ဟောင်သရောအထူးဒေသငြိမ်းချမ်းရေးအဖွဲ့၊ ဘုရားကုန်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့နှင့်DKBAတိုးတက်သောကရင်အမျိုးသားဗုဒ္ဓဘာသာအဖွဲ့** စသည့် တိုင်းရင်းသားအဖွဲ့ (၇)ဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်းကို စစ်အစိုးရသတင်းစာ၌ပါရှိသော်လည်း နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စတွင် ဆုံးဖြတ်ချက်တစုံတရာမပေးသည့် အပစ်ရပ်အဖွဲ့များကို နအဖ စစ်အစိုးရမှ တွေ့ဆုံခွင့်မပေးကြောင်းသိရပါသည်။

# ဒေါ်အောင်ဆန်းစုကြည်အမှု ပြောင်းလဲနိုင်ဟု ရှေ့နေများပြော




**၀၂ ဇူလိုင် ၂၀၀၉**

ဇွန်လ ၂၅ ရက်နေ့က ရန်ကုန်မြို့၊ကျွန်းတောလမ်းတွင် ပြုလုပ်သော နအဖ သတင်းစာရှင်းလင်းပွဲ၌ ထိုအမှုအား ရဲတပ်ဖွဲ့မှဖော်ထုတ်ချက်များအရ မစ္စတာ ယက်ထောသည်သာလျှင် ထိုဖြစ်စဉ်၏ အဓိကအကျဆုံး ပုဂ္ဂိုလ်ဆိုသည်မှာ အငြင်းပွားဖွယ်မရှိထင်ရှားသည်ဟု ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက **“ရဲချုပ်ရဲ့ပြောဆိုချက်အရ မစ္စတာယက်ထောဟာ အဓိကဆိုရင် မစ္စတာယက်ထောကသာ ပုဒ်မ(၂၂)ဖြစ်ရမှာပါ၊ ဒေါ်အောင်ဆန်းစုကြည် မဟုတ်တော့ပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်ဟာဥပဒေအရအပြစ်မရှိတဲ့သူပဲ၊ အဲဒီတော့ လွှတ်ပေးရမယ်၊ ဒါကို ကျနော်တို့အားလုံး မျှော်လင့်တယ်၊ ရဲချုပ်အပြောအရဆိုရင် တရားရုံးက ဒေါ်အောင်**

စာမျက်နှာ(၇)သို့

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ရက်၏
ရည်ရွယ်ချက်

- မြန်မာနိုင်ငံကျောင်းသားလူငယ် အဖွဲ့အစည်း တောင့်တင်းခိုင်မာလာစေရန်။
- မြန်မာပြည်ရှိ စစ်အစိုးရအား ဆန့်ကျင်တိုက်ပွဲဝင်နေကြသော အဖွဲ့အစည်းများအတွင်း နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ရန်။
- အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် မတူကွဲပြားခြားနားသော တိုင်းရင်းသားလူငယ်များအတွင်း အပြန်အလှန် ယုံကြည်မှု တည်ဆောက်သွားရန်။

# လူတုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့လာ၍ မြန်မာလူထုစိုးရိမ်



၂၀ ဇွန်လ ၂၀၀၉

မြန်မာနိုင်ငံမှာ လူတုပ်ကွေးရောဂါ စတင်ပျံ့နှံ့နေပြီဆိုတဲ့ သတင်းတွေကြောင့် မြန်မာပြည်သူလူထုကြားမှာ စိုးရိမ်ထိတ်လန့်မှုတွေ များပြားလာပြီး ရောဂါကြိုတင်ကာကွယ်နိုင်မယ့် နှာခေါင်းစည်းတွေကို ဈေးကြီးပေးပြီး ဝယ်ယူအသုံးပြုနေကြပါတယ်။ အရင်က ငွေကျပ် သုံးလေးဆယ်ပေးပြီး ဝယ်ရင်ရတဲ့ ရောဂါကူးစက်မှုကို အကာအကွယ်ဖြစ်စေတဲ့ နှာခေါင်းစည်းတွေကို ငွေကျပ်သုံးလေးရာပေးပြီး ဝယ်ယူနေကြတာပါ။

ဒီအကြောင်းကို ရန်ကုန်မြို့ခံတစ်ဦးက **"အခုဟာ အကုန်လုံးထိတ်လန့်ကုန်ကြတာပေါ့။ တုပ်ကွေးဆိုတာ သိတဲ့အတိုင်းပဲ လေထဲမှာပျံ့နှံ့နိုင်တော့ လူတိုင်းကာကွယ်ဖို့ဆိုတာ တော်တော်ခဲယဉ်းတယ်။ အဓိကကတော့ ဦးဆောင်နေတဲ့လူတွေ ဖြေရှင်းပေးရမှာ၊လူတွေ အနည်းဆုံးအသိဉာဏ်ပွင့်အောင်လုပ်ပေးရမှာ။ ခုတော့ လူတွေကထိတ်လန့်ရုံမှတပါး ဘာမှမတတ်နိုင်ဘူး။ နှာခေါင်းစည်းတို့ လက်အိတ်တို့ဝတ်လိုက်ရင် လုံခြုံသွားပြီလို့ယူဆကြတယ်။ နှာခေါင်းစည်းအသုံးပြုတဲ့နည်းကို မှန်မှန်ကန်ကန်မလုပ်တတ်ဘူးဆိုရင် မဝတ်တာထက်တောင်ပိုဆိုးသေးတယ်။ ဒီပစ္စည်းကိုသုံးပြီးရင် သုံးရကျိုးနပ်အောင်သုံးတဲ့အကျိုး အပြည့်အဝရှိအောင် ပညာပေးဖို့အရမ်းလိုတယ်။"**ဟုပြောပါသည်။

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကူးစက်ရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက **"မြန်မာပြည်သူတွေကြားမှာတော့ ရောဂါကူးဆက်ခံရသူတွေ ထပ်တိုးလာနေတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါသည်တွေအများဆုံး ဆေးဝါးကုသမှုခံယူနေတဲ့ ဝေဘာဂီဆေးရုံမှာလည်း ရောဂါသည်တွေကို ရောပြီးထားတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်၊"**ဟုပြောပါသည်။

လတ်တလောမှာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ၁၃၀၀ ကျော်နဲ့ စင်္ကာပူနိုင်ငံမှာ ၆၀၀ ကျော် လူတုပ်ကွေးရောဂါကူးစက်ခံထားရတယ်လို့ နောက်ဆုံးရသတင်းတွေအရ သိရှိရပါသည်။

---

စာမျက်နှာ(၆)မှ **ဆန်းစုကြည်အပေါ် ပုဒ်မပြောင်းလဲရမည်ဖြစ်ကြောင်း ၊ အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုသောအဖွဲ့အစည်းကလည်း ရဲတပ်ဖွဲ့ဖြစ်ပြီး၊ ယခုကဲ့သို့ ပြောဆိုသူကလည်း ရဲချုပ်ဖြစ်နေသည့်အတွက် ဖြစ်တယ်၊ ဒါပေမယ့် အခုတရားစွဲထားတဲ့ပုံစံနဲ့ ရဲချုပ်ပြောတာနဲ့လုံးဝမတူပါဘူး၊လက်ရှိတွင် ဒေါ်အောင်ဆန်းစုကြည်သည် အဓိကစွဲဆိုခံရသူဖြစ်နေပြီး မစ္စတာယက်ထောမှာ ပါဝင်ပတ်သက်သူ သာမန်တရားခံတဦးမျှသာဖြစ်နေသေးကြောင်း"**ပြောဆိုပါသည်။

ရန်ကုန်မြို့မှအမည်မဖော်လိုသူ ရှေ့နေကြီးတဦးကလည်း **"ဒေါ်စုကို တရားစွဲဆိုထားတဲ့အမှုရဲ့ တာဝန်အရှိဆုံးသူတဦးဖြစ်တဲ့ ရဲချုပ်ကိုယ်တိုင်က ဒီအမှုရဲ့ အဓိကတရားခံက မစ္စတာယက်ထောပါလို့သတင်းစာရှင်းလင်းပွဲမှာပြောခဲ့ပြီဆိုတော့ ဒီအမှုရဲ့အဓိကတရားခံဟာ ဒေါ်စု မဟုတ်တော့ဘူးဆိုတော့ အမှုရဲ့သဘောသဘာဝပြောင်းသွားတယ်၊ သူပြောပုံအရဆို မစ္စတာယက်ထောကို အဓိကတရားခံအဖြစ်စွဲရမှာ၊ အဲဒီလိုစွဲမယ်ဆိုရင် အခုဒေါ်စုကိုစွဲထားတဲ့အမှု ရုပ်သိမ်းလိုက်ပြီးမှဖြစ်မယ်"**ဟုပြောဆိုသည်။

ဗိုလ်မှူးချုပ်ခင်ရီ၏ပြောဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်အားစွဲဆိုထားသော အမှုကိုပိတ်ပြီးမှ မစ္စတာယက်ထောကို အမှုအသစ်အနေနှင့် စွဲဆိုမှသာ ဥပဒေနှင့်အညီမှန်ကန်မှုတမည်ဖြစ်ကြောင်း ရန်ကုန်မြို့မှ ရှေ့နေဟောင်းတဦးဖြစ်သော ဦးထွန်းထွန်းဟိန်းက **"ပထမအမှုကို ပိတ်လိုက်သည်နှင့်တပြိုင်တည်း ဒေါ်အောင်ဆန်းစုကြည်ကို စွဲဆိုထားသောအမှုမှာ စွဲချက်တင်ထားပြီးဖြစ်သည့်အတွက်ကြောင့်၊ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုအမှုမှာပါဝင်နေသော ဒေါ်ခင်ခင်ဝင်း၊မဝင်းမမတို့အားလုံးကို တရားသေလွှတ်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေအရ လူတဦးအားတူညီသောပြစ်မှုတစ်ခုအတွက် နှစ်ကြိမ်အပြစ်ပေး၍မရကြောင်း၊ ထို့ကြောင့်ယခုအမှုတွင် ဒေါ်အောင်ဆန်းစုကြည်အား တရားသေလွှတ်ပြီးပါက ဤပြစ်မှုအတွက် နောက်တစ်ကြိမ်ပြန်လည် တရားစွဲဆို၍မရကြောင်း၊ ထို့ကြောင့် ဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ရမည်ဖြစ်ကြောင်း"**ကို ဥပဒေပညာရှင်များကသုံးသပ်ပါသည်။

စစ်အစိုးရအာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည် မေလ(၁၄)ရက်နေ့ နံနက်ပိုင်း တွင် အကျယ်ချုပ်ထားရာနေအိမ်မှ အင်းစိန် အကျဉ်း ထောင် သို့ ခေါ်ဆောင်၍ တားဆီးမိန့်ချိုးဖောက်မှုပုဒ်မ(၂၂)ဖြင့် အမှုဖွင့်တရားစွဲဆိုလိုက်ကာ မေလ(၁၈)ရက်နေ့မှ စတင်၍စစ်ဆေးခဲ့ရာ အခုချိန်အထိရက်ရွှေ့ဆိုင်းနေဆဲဖြစ်ပါသည်။

# ဒေါ်အောင်ဆန်းစုကြည် ဥပမာထား ‘ဝ’ခေါင်းဆောင်များ အသွင်ပြောင်းရေး ငြင်းဆန်

**၁၆ ဇွန်လ ၂၀၀၉** (သျှမ်းသံတော်ဆင့်မှ)

ဇွန်လဆန်းပိုင်းက ဒုဗိုလ်ချုပ်ကြီးရဲမြင့် သျှမ်းပြည်တလွှား အပစ်ရပ်ခေါင်းဆောင်များ သဘောထားပျော့ပြောင်းလာစေရန် ထပ်မံကျောသပ်ဖြောင်းဖြရန် နယ်လှည့်စည်းရုံးစဉ် ပန်ဆန်းရှိ ‘ဝ’ခေါင်းဆောင်များက အသွင်ပြောင်းဖို့မဖြစ်နိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကို ဥပမာထား၍ အကျယ်တဝင့်ရှင်းပြခဲ့ကြောင်း ဝ ခေါင်းဆောင်ပိုင်းနှင့် ရင်းနှီးသည့်**ဆိုစ့်**က ဆိုပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ သျှမ်းသံတော်ဆင့်သို့ ဆိုစ့်ပြောပြတာကတော့ **“ဗိုလ်ချုပ်ရဲမြင့်နဲ့အဖွဲ့ပန်ဆန်းမှာ(၂)ညအိပ်တယ်၊ ဥက္ကဌကြီး ပေါက်ယူ့ချန်နဲ့(၆)ရက်နေ့မှာတွေ့တော့ ဥက္ကဌကြီးကသက်ဆိုင်ရာတာဝန်ရှိလူကြီးတွေနဲ့တွေ့ဖို့ ကျနော်အာဏာကုန်လွှဲထားပြီးပြီ၊ ဆွေးနွေးလိုရာဆွေးနွေးပါလို့ပြောလိုက်တယ်၊(၇)ရက်နေ့မှာ ထိပ်ပိုင်းခေါင်းဆောင်တချို့နဲ့ဘဲ တနေကုန်အခြေအတင်ပြောဆိုဆွေးနွေးခဲ့တယ်”**ဟုပြောပါသည်။ ထို့အတူ **“နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီး တပ်ရင်း(၁)ရင်းကို အင်အား(၃၂၆)ယောက်ထားဖို့ကိစ္စ လိုက်လျှောဖို့မဖြစ်နိုင်ကြောင်း၊ တချိန်ကခင်ဗျားတို့ယုံကြည်အားထားပါတယ်ဆိုတဲ့ ခင်ဗျားတို့ရဲ့အကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်နဲ့ ကျနော်တို့နက်နက်ရှိုင်းရှိုင်းသဘောတူထားတာရှိတယ်၊ အဲဒီကတိတွေကို ခင်ဗျားတို့လွယ်လွယ်နဲ့ဖျက်လိုက်တဲ့သဘောလား၊ တကယ်တမ်း ကျနော်တို့က ခင်ဗျားတို့ဆန္ဒအတိုင်းလိုက်လျှောရင် ကျနော်တို့တမျိုးသားလုံးရဲ့ အနာဂတ်ကံကြမ္မာဘယ်လောက်ယုံကြည်စိတ်ချရမလဲ”**ဟု ပြန်လည်ဆွေးနွေးသည့်အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့်နှိုင်းယှဉ်၍လည်း **“တစ်ကမ္ဘာလုံးကအသိအမှတ်ပြုလေးစားခံရတဲ့ ဗမာပြည်ရဲ့ လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးကိုတောင်မှ ခင်ဗျားတို့ အဲလောက်အထိလုပ်ရက်နိုင်သေးတယ်၊ ကျနော်တို့က ခင်ဗျားတို့နဲ့သွေးမတော်သားမစပ် လူမျိုး/ဘာသာစကားလဲမတူဘူး၊ ကျနော်တို့အလားအလာက သူမထက်ပိုဆိုးသွားနိုင်တယ်၊ အကယ်လို့ကျနော်တို့ ခေါင်းညိတ်လိုက်မယ်ဆိုရင် နောင်တချိန်မှာအစွယ်ကျိုး အဆိပ်မဲ့ဖြစ်သွားတဲ့ ကျုပ်တိုကို ခင်ဗျားတို့ဖမ်းမယ်ဆီးမယ်လုပ်လာရင် အကျဉ်းထောင်မပြောနဲ့ကြက်တွေဝက်တွေလိုလှောင်တဲ့ခြင်း/တောင်းတောင်လောက်မှာမဟုတ်ဘူး၊ အဲဒါတွေကို သတိချပ်မိလို့ခင်ဗျားတို့ဆန္ဒကို မလိုက်လျှောနိုင်တာဖြစ်တယ်”**ဟုပြောကြောင်း အဆိုပါဆိုစ့်ကပြောပါသည်။

ထို့အတူ အမည်မဖော်လိုသူ‘ဝ’ အ ကြီးအကဲကလည်း **“တောင်ပိုင်းအခြေစိုက်ဝထိန်းချုပ်နယ်မြေမှရုပ်သိမ်းရေးသည်လည်း မဖြစ်နိုင်ကြောင်း ထိုစခန်းများအတွက်‘ဝ’ တပ်မတော်သားများထောင်ချီအသက်ပေးပြီး ခွန်ဆာMTA တပ်ဖွဲ့ထံမှ တိုက်ယူရကြောင်း၊ လွန်ခဲ့သည့် ၂၀၀၂/၂၀၀၃ တုန်းကလည်းSSA-Sစဝ်ယွက်စစ်အဖွဲ့ အားသွားတိုက်ရန် ဖိအားထပ်ပေးလာသဖြင့် သွားတိုက်ခဲ့ရကြောင်း၊ ခင်ဗျားတို့ သွန်လိုသွန်မှောက်လိုမှောက် အကုန်လိုက်လုပ်ရမယ်ဆိုတာတော့ မဟုတ်တော့ဘူးထင်တယ်၊ ခင်ဗျားတို့အကြီးအကဲဗိုလ်ချုပ်ကြီးမောင်အေးကိုမေးကြည့်ပါ၊ သူအသိဆုံးပါ တိုက်ပွဲကြောင့် မိုင်းဖြတ်ဆေးရုံမှာ ကျနော်တို့တပ်သားတွေတင်ထားတုန်းက သူကိုယ်တိုင်လာပြီးအားပေးစကားပြောခဲ့တယ်၊ ပုဝါတွေပေးကမ်းတယ်၊ မူးယစ်ရာဇာခွန်ဆာလက်ထဲကတိုက်ယူနိုင်ရင် စိတ်တိုင်းကျနေပါကြလို့တောင်ပြောသွားသေးတယ်၊ အဲဒီကတိသစ္စာစကားတွေ ဘယ်ရောက်သွားကုန်ပြီလဲ”**ဟု ဗိုလ်ရဲမြင့်တို့အဖွဲ့အား ထပ်ဆင့်ထောက်ပြခဲ့ကြောင်းဆိုပါသည်။

အဆိုပါ ဝ ခေါင်းဆောင်ပြောကြားချက်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ရဲမြင့်ကလည်း– **“ကျနော့အနေနဲ့ ဘာတခုမှဆုံးဖြတ်ချက်ချလို့မရပါဘူး၊ ကျနော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲညွှန်ကြားချက်အရ လာရောက်ပြောကြားရတာဖြစ်တယ်”** ဟုသာပြန်လည်ပြောကြားသွားကြောင်းဆိုသည်။



ဒု–ဥက္ကဌဦးရှောက်မင်လျံ–လားရှိုးတိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွန်း– ရဲမှူးကြီး ဗိုလ်ချုပ်ရဲမြင့်–ဥက္ကဌ ဦးပေါက်ယိုချမ်း–ကျိုင်းတုံ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး

ဇွန်လ(၃)ရက်မှ(၉)ရက်နေ့အထိ ဒုဗိုလ်ချုပ်ကြီးရဲမြင့်သည် မြောက်ပိုင်းSSA-Nတပ်ဖွဲ့ခေါင်းဆောင်၊ ကိုးကန့် ဒုဥက္ကဌ၊ ‘ဝ’ခေါင်းဆောင်ပိုင်းများ၊ မိုင်းလား ဥက္ကဌ ဦးစိုင်းလင်းတို့နှင့် တကူးတကသွားရောက်ဖြောင်းဖျခဲ့သော်လည်းလက်ချည်း ဗလာပြန်လှည့်ခဲ့ရကြောင်း သျှမ်း ပြည်အရေးလေ့လာသူများကသုံးသပ်ပြောဆိုနေကြပါသည်။

# နအဖတပ်နှင့် တပ်ပေါင်းစုအဖွဲ့ တိုက်ပွဲဖြစ်



**၂၄ ဇွန်လ ၂၀၀၉**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်အတွင်းတွင် မြန်မာစစ်အစိုး တပ်ဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်စုပေါင်းတပ်ဖွဲ့နှင့် တွေ့ဆုံပြီးတိုက်ပွဲဖြစ်ပွားခဲ့ကြောင်းသိရပါသည်။

တိုက်ပွဲအခြေအနေနှင့်ပတ်သက်၍ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ခွဲမှူး ဗိုလ်မှူးအောင်ဒင် က **“မနက်(၇)နာရီခွဲလောက် ကဖြစ်တာပါ တိုက်ပွဲအခြေအနေကတော့ ကျနော်တို့ကနေ အရင်ပစ်ရတာပါ၊ သူတို့ ရွာသားတွေကို ကြိုးနဲ့ချည်ပြီးတော့ စခမ်းထဲကိုဝင်လာတယ်၊ အဲဒါ ကျနော်တို့ကလည်းပဲ စခန်းဘေးကနေ ပြောင်းမယ်ဆိုပြီးရွှေ့ခိုင်းတဲ့အချိန်မှာ သွားပြီးတိုးကြတာပေါ့။ အဲဒီမှာပစ်ကြတယ်လေ၊ နအဖတပ်က ဘန်းယဉ်အခြေစိုက် ခမရ(၄၁၂)တပ်ခွဲမှူး ဗိုလ်ကြီးညဏ်လင်းဆိုတဲ့တယောက်နဲ့ သူ့ရဲ့တပ်သား ဟဲမီးဆိုသူတယောက်ကျတယ်လေ၊ ဒဏ်ရာရတာက တယောက်”**ဟုပြောပါသည်။

အဖမ်းဆီးခံရပြီး ပြန်လည် လွတ်မြောက် လာသူ ရွာသူကြီး ဦးဒီးလယ်က **“ရှမ်း–ကရင်နီ နယ်စပ်မောက်မယ်မြို့ (မဲ့င်းစပ်)ကျေးရွာရှိ ရွာသူကြီးအပါအဝင် ကျေးရွာသား(၁၀)ဦးကို ယမန်နေ့က မြန်မာစစ်အစိုးရတပ်က**

စာမျက်နှာ(၉)သို့

စာမျက်နှာ(၈)မှ

**ဖမ်းဆီးသွားတယ်၊ ကျနော်တို့ကိုလာဝိုင်းတာက မနက်ပိုင်း ၃ နာရီလောက်ကပါ။ ကျနော်တို့ ၁၀ယောက် အဖမ်းခံရပါတယ်။ အဲမှာကျနော့်ကို စစ်ဆေးတာ ဓားမြောင်နဲ့ လှီးတာသုံးခါ၊ ရိုက်တာက ခြောက်ချက်၊ ကျနော့်တယောက်ထဲကိုပဲ နာအောင်လုပ်တာ။ ရွာမှာဘယ်လိုဆက်ဖြစ်လဲတော့မသိရသေးဘူး၊"** ဟုပြောသည်။

ယခုလဆန်းပိုင်းတွင် ဆီဆိုင်မြို့နယ်ရှိ (ဇန်းမပ်က်)ကျေးရွာအုပ်စုရှိ ရွာသူကြီးခြောက်ဦးကိုလည်း မြန်မာစစ်တပ်က နောင်ထောင်ဝ်သို့ ခေါ်ဆောင်သွားမည်ဟုပြောဆိုကာ လမ်းတဝက်တွင် သတ်ဖြတ်လိုက်သည်ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်မှူးကြီး ခွန်သူရိန်က ပြောသည်။

ယခုဖွဲ့ထားသည့်တိုင်းရင်းသားလက်နက်ကိုင်စုပေါင်းတပ်ဖွဲ့မှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ဝ အမျိုးသားတပ်မတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ ဖြစ်ပါသည်။

စာမျက်နှာ(၅)မှ

သတင်းစာရှင်းလင်းပွဲမှာ မစ္စတာဘန်ကီမွန်းက **"ဒေါ်အောင်ဆန်းစုကြည်အပြင် ဒီမိုကရေစီခေါင်းဆောင်အားလုံးပါဝင်တဲ့ မယ်မယ်ရရနဲ့ အချိန်သတ်မှတ်ချက်ထားရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲပြန်စတာကို မြင်တွေ့ချင်ကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ပြီး လွတ်လပ်ပြီးတရားမျှတမှုသာ တရားဝင်တဲ့ ရွေးကောက်ပွဲအဖြစ်ရှုမြင်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရေးဥပဒေကို တတ်နိုင်သမျှ အမြန်ဆုံးထုတ်ပြန်ဖို့နဲ့ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းဖို့ ကိုလည်းတိုက်တွန်းခဲ့တဲ့အကြောင်း၊ ၂၀၁၀ ခုနှစ် ဘယ်လ ဘယ်နေ့မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့ ရက်သတ်မှတ်ဖို့ ပြောကြားခဲ့တယ်"** ဆိုတဲ့အကြောင်းပြောပါသည်။

ထို့အတူ မစ္စတာဘန်ကီမွန်း၏ ခရီးစဉ်နှင့်ပတ်သက်ပြီး သတင်းထောက်များကို ရှင်းလင်းပြောဆိုရာတွင် အထွေထွေအတွင်းရေးမှူး၏ ပြောခွင့်ရပုဂ္ဂိုလ် Michele Montas က **"ဘန်ကီမွန်းအနေနှင့် မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်ရရန် (၂)ကြိမ်တိုင် ပန်ကြားခဲ့သော်လည်း တွေ့ဆုံခွင့်ကိုပယ်ချခံခဲ့ရသောကြောင့် အလွန်းအမင်းစိတ်ပျက်မိခဲ့ကြောင်း မြန်မာစစ်အစိုးရအနေနှင့် နိုင်ငံတကာအသိုင်းအဝန်းကို အလေးမထားဘဲ မိမိတို့၏မူဝါဒများကို တရားသေဆက်လက် ဆုပ်ကိုင်ထားမည်ဆိုပါက ပိုမိုအထီးကျန်လာမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းအရေးမှူး မစ္စတာဘန်ကီမွန်းက ယမန်နေ့က သတိပေးလိုက်ကြောင်း"** ပြောပါသည်။

တဆက်တည်းသူက **"အခုလိုအချိန်မှာ မြန်မာစစ်အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာယုံကြည်ထိုက်တယ်ဆိုတာကို ပြသဖို့အတွက်အရေးပါပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ စေ့စပ်ညှိနှိုင်းမှုဆီကိုတဆင့်တက်လှမ်းဖို့ လိုလားတဲ့အကြောင်းပြသရမှာဖြစ်သလို မြန်မာစစ်အစိုးရသည် ပွင့်လင်းသောနိုင်ငံရေးခေတ်သစ်ကိုလိုလာကြောင်း ပြသရန်အထူးအခွင့်အရေးတရပ် လက်လွတ်ခဲ့ရပြီဟုပြောကြားကြောင်း"** ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူက ဆိုပါသည်။



# မြန်မာနှင့်အာဆီယံအရေး ထိုင်းဝန်ကြီးချုပ်နှင့်အမေးအဖြေ



၁၆ ဇွန်လ ၂၀၀၉

အရှေ့တောင်အာရှသတင်းထောက် Haseenah Koyakutty သည် အလွတ်သတင်းထောက်တဦးဖြစ်ပြီး မကြာသေးမီက ထိုင်းဝန်ကြီးချုပ် အဖိဆစ်ဝေ့ချ်ချာချိဝ(Abhisit Vejajjiva)နှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ ဤအင်တာဗျူးတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နှင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်ကို မကြာသေးမီက တရားစွဲဆိုတင်ပို့မှုအပြီး အရှေ့တောင်အာရှ အဖွဲ့ကြီး(အာဆီယံ)က မြန်မာစစ်အစိုးရကို မည်သို့မည်ပုံကိုင်တွယ်သင့်သည်ဆိုသောကိစ္စများကို အဓိကမေးမြန်းတင်ဆက်ထားပါသည်။

**မေး။** မြန်မာ့အရေးပြဿနာကို ကိုင်တွယ်ရာမှာ အာဆီယံ အဖွဲ့ကြီးဟာ ထိရောက်မှုမရှိဘူးဆိုတဲ့ ယူဆချက်တွေရှိပါတယ်၊ အာဆီယံ အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ တယောက်အနေနဲ့ ခင်ဗျားဘာများပြောချင်ပါသလဲ။

**ဖြေ။** ဒီကိစ္စမှာ အာဆီယံတဖွဲ့တည်း လုပ်နေတာမဟုတ်ပါဘူး။ နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံးက ဝိုင်းဝန်းဆောင်ရွက်နေတာပါ။ မအောင်မြင်တော့မှ အာဆီယံအဖွဲ့ကြီးတခုတည်းကို ကွက်ပြီးပြောတာဟာ မျှတမှုမရှိဘူးလို့ ကျနော်ထင်ပါတယ်။ ဘာလို့ အာဆီယံအဖွဲ့ကြီး တခုတည်းကို ကွက်ပြီးပြောတာပါလဲ။ အဲဒီလို ပြောနေတာနဲ့ဆန့်ကျင်စွာဘဲ အခြေအနေတွေကို ဖြေရှင်းနိုင်ဘို့ ဖြစ်နိုင်တဲ့လမ်းကြောင်းမှန်သမျှကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေ့မှာလဲ ဒီအတိုင်းဘဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုလအတွင်းရေးမှူးချုပ် အနေနဲ့လဲ တခန်းတကဏ္ဍ ဆောင်ရွက်နိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ ကျနော်တို့ကလဲ လွယ်ကူချောမွေ့အောင်လုပ်ပေးနိုင်တာလေးတွေကိုလုပ်ပေးသွားပါမယ်။

**မေး။** ခင်ဗျားက ဘာလို့ အာဆီယံတဖွဲ့တည်းကို ကွက်ပြောတာလဲလို့ မေးတယ်နော်။ အာဆီယံဟာ မြန်မာနိုင်ငံကို ဒီအဖွဲ့ထဲ သွင်းလာခဲ့တာ။ ခင်ဗျားတို့မှာ ဒီနိုင်ငံအပေါ် ဩဇာအရှိန်အဝါရှိတယ်လို့ ယူဆစရာရှိရက်နဲ့ သူတို့အပေါ်ကို မလွှမ်းမိုးနိုင်ဘူး။ အဲဒါ ဘာကြောင့်ပါလဲ။

**ဖြေ။** ခင်ဗျားသေချာစဉ်းစားကြည့်ပါဦး၊ ကျနော်တို့သာ မြန်မာနိုင်ငံကို အထီးကျန်ထားခဲ့မယ်၊ ကင်းကွာအောင်လုပ်ခဲ့မယ်ဆိုရင် အခြေအနေတွေက ခုထက်ပိုကောင်းလာမယ်လို့ ကျနော်တော့ သံသယရှိတယ်။ ဒီတော့ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်တယ်၊ ဒါပေမဲ့ အခြေအနေတွေက လူတွေလိုချင်သလို တိုးတက်မလာသေးဘူး၊ ဒါကြောင့် ဒါဟာ အာဆီယံရဲ့ အပြစ်ဘဲလို့ပြောတာဟာ မှားတယ်လို့ကျနော်ထင်တယ်။ ကျနော်တို့ တာဝန်ရှိမှုကိုတော့ ကျနော်တို့လက်ခံပါတယ်၊ ကျနော်တို့ လုပ်နိုင်တာကို လုပ်နေပါတယ်။

**မေး။** ဒေါ်အောင်ဆန်းစုကြည် လွတ်လာလိမ့်မယ်လို့ ခင်ဗျား ဘယ်လောက်များယုံကြည်မှုရှိနေပါသလဲ။

**ဖြေ။** ဒါပြောဘို့ခက်ပါတယ်။ ဘယ်သူမဆို ဒီကိစ္စကို သေချာပေါက်ပြောဘို့ခက်ပါတယ်။ ကျနော်တို့နဲ့ တခြား နိုင်ငံတကာ့အသိုင်းအဝိုင်းတခုလုံးက ထုတ်ပြောလာကြတဲ့ ခံယူချက်သဘောထားတွေဟာ မြန်မာအစိုးရ ရှေ့ဘာဆက်လုပ်မလဲဆိုတာ ဆုံးဖြတ်တဲ့နေရာမှာ တစုံတရာ သက်ရောက်မှုတော့ရှိမှာပါ။ ဒါက ဘာဖြစ်လို့လဲဆိုရင် ဒီကိစ္စကဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိစ္စတခုထဲမဟုတ်ဘူး။ တစုံလုံးအနေနဲ့ နိုင်ငံရေးဖြစ်စဉ်ကြီးတခုလုံး ရှေ့ဆက်သွားရာမှာ လက်ခံနိုင်ဖွယ်ရှိမရှိဆိုတဲ့ကိစ္စဘဲ။ မြန်မာနိုင်ငံဟာ(ဒီမိုကရေစီ)လမ်းပြမြေပုံကိုရေးဆွဲရာမှာ အချိန်တွေအများကြီးယူပြီး ကြိုးပန်းခဲ့ရပါတယ်။ သူတို့ ဒါကို အောင်မြင်တာ မမြင်ချင်ဘူးလို့တော့ ကျနော်မထင်ဘူး။

**မေး။** တကယ်လို့ သူမကိုဆက်ပြီး ထိန်းသိမ်းထားမယ်ဆိုရင် ဘာတွေဖြစ်လာနိုင်ပါသလဲ။ အာဆီယံ နဲ့ ထိုင်းနိုင်ငံက ဘယ်လိုတုံ့ပြန်ပါမလဲ။

**ဖြေ။** ကျနော်တို့ တိုင်ပင်ရပါဦးမယ်။ ဒါပေမဲ့ သေချာတာတခုက ဒီကိစ္စမှာ ကျနော်တို့ရဲ့ သဘောထားရပ်တည်ချက်က အရင်ကလဲပြောခဲ့ပြီ၊ ရှေ့မှာလဲ အမြဲတမ်း ဒီလိုဘဲဖြစ်မှာပါ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်နဲ့ အစီအစဉ်ဟာ အားလုံးပါဝင်နိုင်ရမယ်၊ နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံနိုင်တဲ့၊ လေးစားအသိအမှတ်ပြုနိုင်တဲ့ ဖြစ်စဉ်ဖြစ်ရမယ်။ ဒီလိုမှမဟုတ်ရင် သူမအပေါ်မှာရော၊ အာဆီယံအဖွဲ့ကြီးအပေါ်မှာရော အများကယုံကြည်လက်ခံနိုင်မှုဟာ မလွဲမရှောင်သာ ထိခိုက်သွားမှာပါ။

**မေး။** ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ နီးစပ်တဲ့အိမ်နီးချင်းပါ။ နိုင်ငံတကာ အသိုင်းအဝိုင်းက အတော်များများက မြန်မာဗိုလ်ချုပ်ကြီးတွေအပေါ် ဘယ်လောက်ထဲထဲဝင်ဝင်ရှိတယ်ဆိုတာ သိချင်နေကြလိမ့်မယ်လို့ ကျနော်ထင်ပါတယ်။

**ဖြေ။** ကျနော်တို့မှာ ဆက်သွယ်ရေးလမ်းကြောင်းတွေရှိပါတယ်။ ဒီဟာနဲ့ သူတို့နဲ့ ကျနော်တို့ ဆက်စပ်လို့ ရခဲ့ပါတယ်။

**မေး။** ဗိုလ်ချုပ်မှူးကြီး သန်းရွှေအကြောင်း ခင်ဗျား ကျနော်တို့ကို ဘာများပြောပြနိုင်ပါသလဲ။

**ဖြေ။** ဒီအချိန်မှာ အများကြီး ကျနော်ပြောနိုင်လိမ့်မယ်လို့တော့မထင်ဘူး။ ကျနော်တို့ အခု ပိုစိတ်ဝင်စားနေတာ သန်းရွှေနဲ့ မြန်မာခေါင်းဆောင်ပိုင်းက ဘယ်လမ်းကြောင်းလိုက်မလဲ ဆိုတာပါဘဲ။ ဒီကိစ္စကလဲ လက်ရှိ တရားစစ်ဆေးမှု ဘယ်လို အဖြေထွက်လာမလဲ ဆိုတာနဲ့ဘဲစမှာပါ။ ဒါကြောင့် ဒီကိစ္စကို ကျနော်တို့ စောင့်ကြည့်နေပါတယ်။

**မေး။** စစ်အစိုးရနဲ့ ထိုင်းနိုင်ငံရဲ့ စီးပွါးရေး ဆက်ဆံမှုတွေ ဘယ်လောက် ခရီးရောက်နေပါသလဲ။ ခင်ဗျားရဲ့ ခေါင်းဆောင်မှုအောက်မှာ ဒီကိစ္စ ဘာတွေအပြောင်းအလဲရှိခဲ့ပါသေးသလဲ။

**ဖြေ။** ကျနော်တို့က အိမ်နီးချင်းနိုင်ငံတွေပါ။ ဒီတော့ စွမ်းအင်ကိစ္စအဆက်အစပ်ရှိတာ ရှင်းပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံတွေက စီးပွါးရေးလုပ်ငန်းအများအပြားလည်း မြန်မာနိုင်ငံမှာ ရှိနေတာပါဘဲ။ ကျနော်တို့မှာ အလွန်ရှည်လျားတဲ့ နှစ်နိုင်ငံကြား နယ်နိမိတ်ရှိတယ်။ ဒီတော့ နယ်စပ်ကုန်သွယ်ရေးလဲရှိတာပေါ့။ မြန်မာနိုင်ငံကစွမ်းအင် ကျနော်တို့ဝယ်တာဟာ တခြား ကျနော်တို့ရဲ့ အိမ်နီးချင်း နိုင်ငံတွေက ဝယ်တာနဲ့အတူတူပါဘဲ။ ကျနော်တို့ ပြည်သူတွေအတွက် စွမ်းအင်နဲ့လုံခြုံမှုစိတ်ချရအောင် ကျနော်တို့လုပ်မှာဘဲ။ ဒါကြောင့် ဒီကိစ္စတွေဟာ သိပ်ကို ထူးထူးဆန်းဆန်းကြီး၊ အံ့အားသင့်စရာကြီးလို့တော့ ကျနော်မထင်ပါဘူး။ ဘာဘဲဖြစ်ဖြစ် ကျနော်တို့ မြင်ချင်တဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဆိုတဲ့ ရည်မှန်းချက်ကနေ ကျနော်တို့ လမ်းလွဲမသွားသင့်ဘူးလို့ ထင်ပါတယ်။

**မေး။** ဒီ စီးပွါးရေးလုပ်ငန်းတွေဟာ စစ်အစိုးရကို သက်ဆိုးရှည်အောင်လုပ်ပေးထားတယ်လို့ ခင်ဗျား ထင်ပါသလား။

**ဖြေ။** ကျနော်တော့ ဒီလိုမထင်ပါဘူး။ ဒီလို ကောက်ချက်ဆွဲတာဟာ မှန်ကန်တယ်လို့ ကျနော်မထင်ပါဘူး။ ကျနော် ပြောခဲ့သလိုပါဘဲ။ မြန်မာအစိုးရနဲ့ စီးပွားရေးအဆက်အဆံရှိတဲ့အစိုးရတွေအများကြီး၊ စီးပွါးရေးလုပ်ငန်းတွေအများကြီးပါ။ ဒါ အရေးကြီးတဲ့အချက်လို့ ကျနော်မထင်ပါဘူး။

စာမျက်နှာ(၁၃ ဒုတိယပိုဒ်)သို့

# မြောက်ကိုးရီးယား သင်္ဘောနှင့် အပစ်ရပ်များအပေါ် စစ်အစိုးရဖိအားပေးမှု ဆက်စပ်ဘွယ်ရှိ



၂၀၀၇ရန်ကုန်သီလဝါဆိပ်ကမ်း၌ဆိုက်ကပ်ထားသည့်ပုံ

၂၄ ဇွန်လ ၂၀၀၉

မြောက်ကိုးရီးယားသင်္ဘော The Kang Nam I ဗမာပြည်ဘက် ဦးတည်သွား နေပုံရကြောင်း ဇွန် ၂၁ရက်နေ့က YIM တောင်ကိုးရီးယားရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်သည် အပစ်ရပ်အဖွဲ့များအပေါ် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး စစ်အစိုးရဖိအားပေးမှုနှင့် ပတ်သက်ဆက်နွယ်နိုင်ကြောင်း သျှမ်းပြည်အရေးလေ့လာသူ အချို့ကဆိုသည်။

၂၀၀၉မကုန်မီ ငြိမ်းအဖွဲ့များအားလုံးကာကွယ်ရေးဦးစီးချုပ်အောက်ထားရှိမည့် စစ်အစိုးရ၏ အစီအစဉ်အတိုင်း အပစ်ရပ်အဖွဲ့များအား အကြိမ်ကြိမ်တွေ့ဆုံသတိပေးခဲ့သော်လည်း အောင်မြင်မှုမရသည့်အပြင် နှစ်ဘက်ဆက်ဆံရေးတင်းမာလာမှု၊ အပြိုင်အဆိုင်အင်အားတိုးချဲ့မှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ (မေလလယ်ပိုင်း)လောက်က တောင်ကြီးမှ SB ရဲမှူးတဦး၏ ထုတ်ဖော်ချက်ကို လားရှိုးကုန်သည်တယောက် ပြောပြတာက **"အပစ်ရပ်တွေနဲ့ မပျော်လင့်ဘဲ တိုက်ပွဲတွေဖြစ်လာရင် တပ်မတော်က မြောက်ကိုးရီးယားကရလာတဲ့ လက်နက်ဆန်းတွေ သုံးမယ်ထင်တယ်၊ လူတွေများများသေလိမ့်မယ်၊** ဆိုတဲ့အချက် နောက်ဇွန် ၉ ရက်နေ့(စရဖ)ညွှန်ချုပ် ဗိုလ်ရဲမြင့်က မိုင်းလားထိပ်ပိုင်းခေါင်းဆောင်များအား ပြောတာက **ခင်ဗျားတို့ နှစ်ပေါင်း(၂၀)အတွင်း ဖွံ့ဖြိုးတိုးတက်ရေးမှာ တော်တော်စွမ်းဆောင်နိုင်ခဲ့တယ်၊ ချီးကျူးစရာဘဲ အသွင်ပြောင်းဖို့ ဘူးခံငြင်းဆန်နေရင် ဒါတွေကို မနမြောဘူးလားလို့**ပြောဆိုသည့် အချက်အပေါ် ထိုပုဂ္ဂိုလ် က – **" သီရိလင်္ကာသမ္မတ ဂျွန်လဆန်းပိုင်း လာတုန်းက တမီးလ်ကျားသပုန်တွေကို အနိုင်ယူနိုင်တဲ့ နည်းနာအကြောင်းတွေ ပြောပြခဲ့တာကို တပ်ချုပ်ကြီးက အရမ်းအားတက်နေတယ်လို့ပြောတယ်၊ ဝ တို့ မိုင်းလားတို့အပါအဝင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေနဲ့ တိုက်ရရင် မြောက်ကိုးရီးယားကရလာတဲ့ လက်နက်ဆန်းတွေ သုံးဖို့များတယ် ဆိုတာပေါ့။ အဲဒီလက်နက်တွေ သုံးရင် အပစ်ရပ်တွေ၊ ပြည်သူတွေရဲ့ တိုက်တာအိုးအိမ် အများအပြားပျက်စီးဆုံးရှုံးမယ်၊ လူတွေ အစုလိုက်အပြုံလိုက်သေကျေကြမယ်ဆိုတဲ့သဘော"** – ဟု ပြောပါသည်။

ဇွန် ၁၇ ရက်က The Kang Nam Iသင်္ဘောသည် မြောက်ကိုးရီးယားဆိပ်ကမ်းမှ ထွက်ခွာလာပြီဖြစ်ကြောင်း၊ သင်္ဘောပေါ်တင်ဆောင်လာသည့်ပစ္စည်းများ အတိအကျမသိရသော်လည်း အမေရိကန်ရေတပ်၏ ဖျက်သင်္ဘော USS John $S^2$ McCain သတင်း ပေးပို့ချက်ကို ကိုးကားလျှင် ဒုံးလက်နက်နှင့် အပိုပစ္စည်းများဖြစ်နိုင်ကြောင်း၊ အဆိုပါ(ကမ်နမ်)သင်္ဘောကို ဇွန်လ ၁၇ ရက်နေ့မြောက်ကိုးရီးယားဆိပ်ကမ်းက ထွက်လာကတည်းက နိုင်ငံတကာမှ စောင့်ကြည့်နေခဲ့ပါသည်။

ထိုနောက် စင်္ကာပူဆိပ်ကမ်းမှတဆင့် မြန်မာနိုင်ငံကိုဦးတည်မောင်းနှင်နေပေမယ့်၊ဇွန်လ(၁)ရက်နေ့မှာတော့(ဗီယက်နမ်)ရေပိုင်နက်ထဲကနေမူရင်းနိုင်ငံကို ပြန်လှည့်သွားပုံရကြောင်းသိရပါသည်။

# (၄)ကြိမ်မြောက် မဲဆောက်ရောက် ရခိုင်သူရခိုင်သားများ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ



မဲဆောက်ရောက် ရခိုင်သူ၊ ရခိုင်သာများ၏ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းကျွေးပွဲ အခမ်းအနားကို ဖ၊ ၇၊ ၂၀၀၉ နေ့တွင် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး(AASYC)၏ဌာနချုပ်ရုံးမှာကျင်းပခဲ့ပါသည်။ ဤ မဲဆောက်ရောက် ရခိုင်သူ၊ ရခိုင်သားများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို (AASYC) မှ ၂၀၀၅ ခုနှစ်မှစ၍ ဦးစီးကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခု၂၀၀၉ ခုနှစ်ဆိုလျှင် (၄)ကြိမ်မြောက်ခဲ့ပြီးဖြစ်ပါသည်။

ဝါဆိုသင်္ကန်းကိုလက်ခံ၍ ဝါဆိုသင်္ကန်းကပ်ရခြင်း တရားတော် ဟောကြားပေးရန်အတွက် မဲဆောက်မြို့ ဝဝေဠုဝန်ကျောင်းတော်မှ သံဃာတော်နှစ်ပါးကြွရောက်ချီးမြှင့်ပေးခဲ့ပါသည်။ ဝါဆိုသင်္ကန်းကပ်လှူ၍ တရားတော်နာရန် မဲဆောက်ရောက် ရခိုင်သူ၊ ရခိုင်သားများနှင့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကာ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် တရားနာကြွရောက်ကြပါသည်။

ထို့နောက် သံဃာတော် အသျှင်သူမြတ်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းကပ်ခြင်းများပြုလုပ်ခဲ့ပြီးနောက် ကြွရောက်လာသော ဧည့်ပရိတ်သတ်များအား ထမင်းဟင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

မွန်ဆောAASYC

# ဦးဝင်းတင်ရဲ့ နိုင်ငံရေးပုံစံသစ်



**၃ ဇွန်လ ၂၀၀၉**

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးပုံစံသစ်(new politics) တရပ် ရှာဖွေရတော့မယ်လို့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းတင်က "ဒီလိုဗျ New Politics ဆိုတဲ့ အနေအထားက ကျနော် အမှန်ပြောရရင် စကားလုံးကနည်းနည်းတောင် ကြီးကျယ်သွားတယ်ဗျ၊ အဓိပ္ပာယ် အမျိုးမျိုးဖွင့်လို့ရတာ အမှန်ကတော့ ကျနော်တို့က ဘာဖြစ်လို့ New Politicsလို့ သုံးလည်းဆိုတော့ စကားလုံးမရှိလို့ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီရွေးကောက်ပွဲနဲ့ ကျနော်တို့တည်ရှိနေတဲ့ကြားမှာ စစ်အစိုးရက ဆိုတဲ့စကားကြမ်းရင်လည်း ခွင့်လွှတ်ပါလို့တောင်းပန်ရမယ်၊ ရှင်းရှင်းပြောရင် **သူတို့ကတော့ ကျနော်တို့ကို ဆွဲခေါ်တော့မယ်၊ မြက်ကျွေးလို့ပဲဖြစ်ဖြစ်၊ နဖားကြိုးဆွဲလို့ပဲဖြစ်ဖြစ် ရွေးကောက်ပွဲတင်းကုပ်ထဲကို ဆွဲသွင်းတော့မယ်၊** ရှင်းရှင်းပြောရင် နိုင်ငံရေးမရှိတော့ဘူး၊ သူတို့ဘက်ကတော့ ရွေးကောက်ပွဲကာလ၊

"အဲဒါကြောင့် ဒီ နိုင်ငံရေးမရှိခြင်းကို ကျနော်တို့က နိုင်ငံရေးအစားထိုးမှုရမယ်၊(သို့မဟုတ်လည်း)ပုံစံတမျိုးရှာရမယ်၊ အဲဒါကြောင့် ကျနော်က စကားလုံးကို နည်းနည်းကြီးကြီးကျယ်ကျယ်ပေ့ါဗျာ၊ နိုင်ငံရေးသစ်တို့ ဘာတို့ဆိုတဲ့စကားတွေကို ပြောလိုက်ရတာ၊ဆိုလိုတာက ကျနော်တို့ လှုပ်လို့ရှားလို့ရအောင်လုပ်ရတော့မယ်၊ ပုံမှန်နည်းမှန်အခုရှိနေတဲ့ (အန်န်အယ်လ်ဒီ)မို့လို့ သီးခြားပေ့ါဗျာ၊ ဥပမာ ၈၈ မျိုးဆက်ကျောင်းသားမို့လို့၊ ဘုန်းကြီးတွေ၊ သံဃာတွေ၊ တိုင်းရင်းသားတွေ၊ ဒါတွေဟာ **ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာကိုယ်ပဲ လုပ်နေမယ်ဆိုတဲ့ ပုံစံမျိုးနဲ့တော့ မဖြစ်တော့ဘူး၊ အနေအထားသစ်အတိုင်း၊ ပြောင်းလဲလာတဲ့ အနေအထားအတိုင်း ကျနော်တို့ ဘာတွေလုပ်နိုင်မလဲ ရှာဖို့လိုတယ်**လို့ ကျနော်ကယူဆတယ်။"

အဲဒီ ပုံစံသစ်နဲ့လှုပ်ရှားလာနိုင်အောင် "ကျနော်က တပ်ပေါင်းစုတို့ ဘာတို့ဖွဲ့တဲ့ဟာလည်း သိပ်တော့မမျှော်မှန်းဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ **ဗမာပြည်နိုင်ငံရေးမှာလည်း တပ်ပေါင်းစုတို့ ဘာတို့ဆိုတာ ပြောပြီးတော့ ပျက်တာမဟုတ်ဘူးဆိုရင်တောင် အလုပ်မဖြစ်ဘူး၊** ကျနော်ပြောချင်တာက စစ်အစိုးရက ကျနော်တို့အပေါ် ဒီလောက်အထိ တင်းတင်းမာမာနဲ့(သို့မဟုတ်လည်း)ပြတ်ပြတ်တောင်းတောင်းနဲ့ ဆက်ဆံနေတဲ့၊ လုပ်ကိုင်နေတဲ့ အခါမျိုးမှာ ကျနော်တို့ အလုပ်ဖြစ်အောင်တော့ အလုပ်ရှာရမယ်လို့ ကျနော်ပြောချင်တာ၊ အဲတော့ ပုံစံတခုကဘာလဲဆိုရင် ကျနော်တို့ လက်တွဲကြရမယ်၊ ဒါပဲ၊ ကျနော်တို့တွေ လက်တွဲလုပ်မှ၊ လက်တွဲမလုပ်လို့ကတော့မရဘူး၊ အဲတော့ ကျနော်ပြောလေ့ရှိတဲ့ စကားလုံးကတော့ **အသံညီအောင်လုပ်ကြစို့၊ အသံညီရင် အလုပ်ညီလာလိမ့်မယ်၊ အလုပ်ညီရင် အမြင့်ဆုံးကတော့ အဖွဲ့တောင်ညီနိုင်တယ်ပေ့ါဗျာ၊ စုဖွဲ့မှုပေ့ါဗျာ၊ လက်တွဲမှုက ညီသွားနိုင်တယ်၊ New Politics က အသံညီဖို့လောက်ကို** ကျနော်မှန်းပါတယ်။

"ဘာတွေ ကျနော်တို့ လုပ်မလဲဆိုတာကတော့ ကျနော်ပြောချင်တဲ့ပုံစံက **စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကို မူအားဖြင့်ထားမယ်၊ အာဏာရှင်စနစ်မှန်သမျှကို ဆန့်ကျင်မယ်ဆိုတဲ့ဟာ ဒီနေ့အထိ အန်န်အယ်လ်ဒီရဲ့မူခင်ဗျ** အလားတူပဲ အခြားအခြားသောအဖွဲ့အစည်းများမှာလည်း ဒီမူကရှိပြီးသားပဲ၊ အဲလိုဆို ဒီမူကို ကျနော်တို့ အခြေခံကြမယ်၊ နောက်တခုက ကျနော်တို့ လက်တွဲကြတဲ့၊ လှုပ်ရှားကြတဲ့၊ လုပ်ကိုင်ကြတဲ့နေရာမှာ ကျနော်တို့ရဲ့ဘောင်ဟာ ညီညွတ်ရေးဘောင်ထားမယ်၊ ညီညွတ်ရေးအတွက်ကျနော်တို့ မူလေးတွေချထားမယ်ပေ့ါဗျာ၊ အဲဒီလို ကျနော်တို့လုပ်လို့ရှိရင် နိုင်ငံရေးအသစ်ရဲ့ စကားပြောလို့ရလာမယ်၊ ရှာလို့ရလာမယ်၊ ဦးတည်ချက်လေးတွေ၊ မျက်နှာမူရာလေးတွေ တယောက်နဲ့တယောက် ထိန်းမတ်ပြီးသွားလို့ရမယ်လို့ ကျနော်ထင်ပါတယ်၊"

အသံညီရမယ်ဆိုတာ တချို့သူတွေကတော့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ အပိုင်း၊ သူတို့ကတော့ ထားလိုက်ပါတော့ "အသံညီပါတယ်၊ မညီဘူးလို့ ကျနော်ပြောတာ မဟုတ်ပါဘူး၊ **အသံညီချင်တယ်ဆိုတာက ရွေးကောက်ပွဲနီးလာတဲ့အခါကြတော့ ဖောက်ကြတာတွေက အများကြီးပေါ်လာလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် (အန်န်အယ်လ်ဒီ)ထဲတောင်မှ ဖောက်တဲ့အသံတွေ မပေါ်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊** ကျနော်တို့မှာ ပဲ့တာတွေရှိခဲ့ဘူးပြီးပြီ၊ မင်္ဂလာဒုံအဖွဲ့တို့ ဘာတို့ဆိုတာတွေပေ့ါ၊ ဒါမျိုးဆိုတာက ဘယ်တော့ဖြစ်ဖြစ် ဖြစ်တတ်တဲ့လက္ခဏာပါ၊ အဲတော့ ကျနော်တို့က **ကိုယ့်ရဲဘော်တွေနဲ့ရောအခြားသော ပါတီအဖွဲ့အစည်းများနဲ့ရော တသွေးတည်း၊ တသံတည်း၊ တစုစည်းတည်းကို ဖြစ်နေအောင် ကျနော်တို့ စုစည်းဖို့အတွက် အသံညီအောင်လုပ်ဖို့ဆိုတာ ပြောခြင်းဖြစ်ပါတယ်၊"**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အသံတိုင်ပေးရမယ့် အဖွဲ့အစည်းဖြစ်သလို ဘယ်လောက်များ တညီတညွတ်တည်းရှိနိုင်မလဲ သူများကိုလွှမ်းမိုးနိုင်အောင် အသံထွက်နိုင်မလဲ ဆိုတဲ့အမေးအပေါ်မှာ ဦးဝင်းတင်က "အဲဒါနဲ့ပတ်သက်လို့ ကျနော့်သဘောထား၊ အယူအဆကိုပြောရရင် ခုနပြောတဲ့အာဏာရှင်စနစ်ဆန့်ကျင်ရေးကလည်း အန်န်အယ်လ်ဒီရဲ့ မူအနေနဲ့ပဲရှိနေတယ်၊ အန်န်အယ်လ်ဒီထဲမှာလည်း ညီညွတ်ရေးဆိုတာ မူအားဖြင့်ရှိနေတယ်၊ အန်န်အယ်လ်ဒီဟာ အခြားသောအဖွဲ့အစည်းများနဲ့တွဲလုပ်ရာမှာ၊ ဥပမာ စီအာပီပီ လိုဟာမျိုးမှာ တိုင်းရင်းသားအဖွဲ့အစည်းများနဲ့တွဲလုပ်နေတယ်၊ ဒီဟာ အသံအသစ်မဟုတ်ဘူးခင်ဗျ၊ အန်န်အယ်လ်ဒီမှာ ရှိပြီးသားကိစ္စပဲ ရှိပြီးသားကိစ္စ၊ ရှိပြီးသားသဘောထား၊ ရှိပြီးသားလမ်းညွှန်တွေဖြစ်တဲ့အတွက် အသံကတိုင်ရုံပဲရှိတယ်၊ ကျယ်ကျယ်လောင်လောင်လည်းတိုင်နိုင်ပါတယ်။

"အန်န်အယ်လ်ဒီက ဒီဘက်ကိုလှမ်းဖို့အတွက် ဘာမှမခဲယဉ်းဘူးလို့ ကျနော်တော့ထင်တယ်၊ ဒါလည်း ကျနော် အန်န်အယ်လ်ဒီထဲမှာ ပြန်ပြီးရှင်းပြရမယ့်၊ တင်ပြရမယ့်ဟာတွေပေ့ါ၊ အခုလည်း အန်န်အယ်လ်ဒီရဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်နာပြီးဆောင်ရွက်ရမယ့် တာဝန်တွေ ကျနော့်မှာအများကြီးရှိပါတယ်၊ ဒါတွေအတွက်ကျနော်လုပ်မယ်၊ အခြားခြားသော အဖွဲ့အစည်းများမှာလည်း ဒီသဘောထားရှိမှာပဲ၊ ဒီသဘောထားရှိမယ်ဆိုရင် ကျနော်က ညှိလို့ရမယ်၊ အနည်းဆုံး နိုင်ငံရေးသစ်ပေ့ါဗျာ။"

စာမျက်နှာ(၁၃)သို့

စာမျက်နှာ(၁၂)မှ

ဒေါ်အောင်ဆန်းစုကြည်က(အန်န်အယ်လ်ဒီ)ကို ကိုယ်ထိလက်ရောက် ခေါင်းဆောင်နိုင်တဲ့အခြေအနေမရောက်သမျှကာလပတ်လုံး ဘယ်လိုမှမူဝါဒ တစုံတရာပြောင်းလဲလိမ့်မယ်မဟုတ်ဘူး၊ အန်န်အယ်လ်ဒီ လက်ရှိခေါင်းဆောင်ပိုင်းဟာ အန်န်အယ်လ်ဒီ မပြိုကွဲအောင် ထိန်းသိမ်းဖို့ တာဝန်လောက်ကိုပဲ ယူနေတယ်လို့ လူတော်တော်များများ သုံးသပ်ကြတယ်၊ ဒီလိုအခြေအနေမျိုးမှာ အန်န်အယ်လ်ဒီက ဦးဆောင်ပြီးတော့ တိုင်ပေးလာမယ့် အဖွဲ့အစည်း ဖြစ်နိုင်မယ့် အလားအလာရော ဘယ်လောက်ရှိပါသလဲဆိုတဲ့အမေးကိုတော့ "ခုနပြောသလို ရှိပါတယ်ဗျာ၊ ရှိပါတယ်ဆိုတာမှန်တယ်၊ ဒီဟာမျိုးမှားတယ်၊အားနည်းတယ်ဗျာ၊ ကျနော်တို့မှာ ခြေကုန်လက်ပန်းကျနေတဲ့ အခြေအနေအထိရှိတယ်၊ ကျနော် ဘာလို့ ဝန်မခံနိုင်ရမှာလဲ၊ ဝန်ခံနိုင်ရမှာပေါ့ ဒါပေမယ့် ကိုယ့်အကြောင်းပြချက်တော့ရှိမှာပဲ။ ဒီပုဂ္ဂိုလ်များကို အပြစ်တင်ကြမယ်၊ သို့မဟုတ် အန်န်အယ်လ်ဒီကို လက်ညှိုးထိုးကြတာတွေမရှိဘူးမဟုတ်ဘူး၊ ရှိတယ်၊ ဒါတွေအတွက် ဘာမှ ကျနော်တို့ ငြင်းကွယ်နေ၊ ဖုံးကွယ်နေစရာအကြောင်းမရှိဘူး။ ဖြေရှင်းနိုင်ရင်တော့ ကျနော်တို့ဖြေရှင်းမယ်ပေ့ါဗျာ၊ ကျနော်တို့ ပြောနိုင်တာတွေပြောမယ်၊

"ဒါပေမယ့် သေချာတာတခုကတော့ **အန်န်အယ်လ်ဒီဟာ ညီညွတ်ရေးဆိုတဲ့ အခြေခံပေါ်မှာရပ်တည်ပြီး တလျှောက်လုံးနေခဲ့တယ်၊ ဒီဟာ နောက်ဆုံးပိတ် ရွှေဂုံတိုင်အစည်းအဝေးမှာ ကျနော့်ရဲ့မိန့်ခွန်းထဲမှာ ညီညွတ်ရေးကိုလုပ်ပါ၊ အခြေခံမှုတွေကိုကိုင်စွဲပါ၊ မူလ မူဝါဒတွေကိုကိုင်စွဲပါ၊ ပြီးတော့ လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးကိုလုပ်ပါလို့ ကျနော်ထည့်ပြောခဲ့တယ်၊ ဆိုလိုတာက ညီညွတ်ရေးကိစ္စ ကျနော်တို့မှာ အခိုင်အမာရှိတယ်၊ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့ဟာလည်း ကျနော်တို့ရဲ့ပဋိညာဉ်ဗျ၊ မူအရ နဂိုမူ၊ဒီဟာကို အသံတိုင်ပေးဖို့ဟာ ဒီဟာတွေ နဂိုရှိပြီးသားဖြစ်နေတဲ့ အဖွဲ့အစည်းတခုအနေနဲ့ အသံတိုင်စရာ ဘာမှမခက်ခဲပါဘူး၊ ကျနော် အဲလိုပဲ ပြောချင်ပါတယ်၊ ဒေါ်စုရှိရင်တော့အကောင်းဆုံးပေ့ါဗျာ၊"**

ဆရာပြောတဲ့ နိုင်ငံရေးသစ်ဆိုတာမျိုး ဖြစ်လာခဲ့ရင် လူထုရဲ့ အခန်းကဏ္ဍကိုရော လူထုကို မျက်နှာမူတယ်ဆိုတဲ့နေရာမှာ ဘယ်လိုပုံစံမျိုး ဖြစ်လာမလဲ၊ လူထုကို တသားတည်းပါဝင်လာအောင်အဲလို ဆွဲခေါ်မယ့်သဘောရှိပါ သလားဆိုတဲ့အမေးကို "အဲဒါတွေကို ပြောတဲ့နေရာမှာ ကျနော်တို့နိုင်ငံမှာ တွက်တဲ့ဟာတွေ အကုန်လုံးက ခေါင်းဆောင်ပိုင်းတို့၊ ဌာနချုပ်တို့ဆိုတာတွေထက် အန်န်အယ်လ်ဒီ ဆိုတဲ့ အမည်ခံထားတဲ့လူတွေ၊ အန်န်အယ်လ်ဒီ အင်အားစုတွေ ဘာတွေလုပ်နေသလဲ၊ အန်န်အယ်လ်ဒီကတော့အကြောင်းအခြေအနေ အမျိုးမျိုးတွက်ရတာပေ့ါဗျာ၊ဒါတွေကတော့ဌာနချုပ်အတွင်းကဟာတွေ အကုန်ပြောလို့မရဘူး၊

"သို့သော် တချို့ဟာတွေ ကျနော်တို့ကလုပ်လို့မရပေမယ့် ကျနော်တို့အဖွဲ့ဝင်တွေလုပ်နေတယ်ဆိုရင်ကို ဒါ အန်န်အယ်လ်ဒီ လုပ်နေတာပဲဗျ၊ အခုမိတ္ထီလာခရိုင်က ရဲဘော်တွေလုပ်နေကြတယ်၊ ဒါတွေက ကျနော်တို့အဖွဲ့ဝင်တွေဗျ၊ ကျနော်တို့အင်အားတွေ Head Quarterဆိုပြီး အမည်ခံခြင်းမခံခြင်းကတပိုင်း **ကျနော့်ရဲဘော်တွေ၊ အန်န်အယ်လ်ဒီ အလံတော်အောက်မှာရှိနေတဲ့အဖွဲ့အစည်းတွေက လူထုကိစ္စနဲ့ ပတ်သက်ပြီး လုပ်နေကြတယ်၊လူထုကိုမျက်နှာမူတဲ့ နိုင်ငံရေးတွေလုပ်နေကြပြီဗျ၊ ဒါတွေကို ကျနော်တို့ကကိုယ့်အဖွဲ့ကလုပ်တာပဲ၊ ကိုယ့်လူတွေလုပ်တာပဲ၊ ကိုယ်တို့ လုပ်တာပဲလို့ပြောချင်တယ်၊**

"အလားတူပဲ ရဲဘော်တွေရှိတယ်ငုံ့ခံမနေဘူး၊ ဒီဟာတွေကို ကျနော်တို့ စဉ်းစားတဲ့အခါမှာ ဒေါ်စုရှိရင်တော့ အကောင်းဆုံးပေ့ါဗျာ၊ ဒေါ်စုလမ်းညွှန်တွေက ကျနော်တို့ဆီမှာ ရှိပြီးသားဖြစ်နေပြီ၊ ဒေါ်စုရဲ့ခေါင်းဆောင်မှုအရည်အသွေးတွေ၊ စံနမူနာစံနှုန်းတွေက ကျနော်တို့လက်ထဲမှာရှိနေပြီ၊ ဒေါ်စုတိုက်တွန်းခဲ့တဲ့၊ မျှော်မှန်းခဲ့တဲ့ ညီညွတ်ရေးအားတွေက ကျနော်တို့ဆီမှာရှိနေပြီ။ စဉ်းစားကြည့်ဗျာ၊ **နှစ်ပေါင်း(၂၀)လုံးလုံး ဒီပါတီဟာ အလေအလွင့်လေးတွေတော့ရှိတာပေ့ါဗျာ၊ သို့သော် ကျနော်တို့ ကွဲပြဲတာမရှိဘူးဗျ၊ ဒီနေ့အထိ ပါတီမကွဲသေးဘူးဗျဒ ဗမာပြည် နိုင်ငံရေးရာဇဝင်မှာ ဒီလိုဟာမျိုးတွေ့မလား၊ မတွေ့ဘူး၊ မလွယ်ဘူး၊ အဲဒီတော့ ကျနော်ကတော့စိတ်မပျက်ဘူး၊**

"ခုန ခင်ဗျားပြောတဲ့ အန်န်အယ်လ်ဒီဟာ အသံတိုင်နိုင်ပဲ့မလားဆိုရင် ကျနော်ကတော့တိုင်နိုင်တယ်၊ အန်န်အယ်လ်ဒီဟာ ဒီအပေါ်မှာ၊ မူလအပေါ်မှာပဲရှိနေတယ်၊ **အာဏာရှင်စနစ်ဆန့်ကျင်ရေးနဲ့ ညီညွတ်ရေးအခြေခံပေါ်မှာပဲ အန်န်အယ်လ်ဒီက တလျှောက်လုံးရှိခဲ့တယ်၊ အသံတိုးတာပဲရှိမယ်၊ တိုးရင်ကျယ်အောင်လုပ်ရမှာပေ့ါဗျာ၊ ဒါပဲလို့ကျနော်ထင်ပါတယ်၊"ဟုပြောကြားခဲ့ပါသည်။**

**နိုင်ငံရေးသစ်အယူအဆနဲ့ နိုင်ငံရေးပုံစံအသစ်ရဲ့ အဓိပ္ပာယ်ကို ပိုမိုသိရှိနိုင်ဖို့ (ဗွီအိုအေ)တိုက်ရိုက်လေလှိုင်းအစီအစဉ်မှ ဦးဝင်းတင်အား ဆက်သွယ်မေးမြန်းချက်အားကောက်နှုတ်ဖော်ပြပါသည်။**

စာမျက်နှာ(၁၀) ထိုင်းဝန်ကြီးချုပ်နှင့် အမေးအဖြေမှ

**မေး။** လူအများအပြားအတွက် ပိုစိုးရိမ်စရာကောင်းတဲ့ကိစ္စက အရှေ့တောင်အာရှမှာ အာဏာရှင်စနစ် အမြစ်တွယ်နေတဲ့ကိစ္စပါ။ စစ်တပ်က နိုင်ငံရေးက ထွက်သွားဘို့ ဘာလို့ ဒီလောက်ခက်နေတယ်လို့ ခင်ဗျားထင်ပါသလဲ။

**ဖြေ။** ဟုတ်ကဲ့၊ ကျနော်ထင်ပါတယ်။ ဒါစစ်တပ်တင်ဘဲလား။ ကျနော်တွေ့နေတာ ကမ္ဘာတဝှမ်းလုံးက ခေါင်းဆောင် အတော်များများဟာ အာဏာကို စွန့်လွှတ်ဘို့ အတော်ခက်နေကြတာဘဲ။

**မေး။** အထူးသဖြင့် စစ်ခေါင်းဆောင်တွေကိုပြောချင်တာပါ။ သူတို့က ပါဝါအခိုင်အမာ ရှိတဲ့သူတွေ မဟုတ်လား။

**ဖြေ။** သူတို့က စနစ်တခုထဲနဲ့အသားကျနေတာ။ အသွင်ကူးပြောင်းရေးလုပ်ဖို့ဆိုတာ ဘယ်တုံးကမှမလွယ်တာ ခင်ဗျားလဲသိပါတယ်။ တခြား နေရာတွေမှာလဲ မလွယ်ပါဘူး၊ ဒါကြောင့် ဒီမှာမလွယ်လို့ သိပ်တော့အံ့အားသင့်စရာမဟုတ်ပါဘူး။

**မေး။** ဒါပေမဲ့ အမေရိကန် သောတရှင်တွေက အထူးသဖြင့် သိချင်နေတာက ဘာလို့များ ထိုင်းနိုင်ငံရေးသမားတွေဟာ အမေရိကန်နိုင်ငံက လေ့ကျင့်မွေးမြူပေးထားသူတွေ၊ အမေရိကန်က ဩဇာရှိတဲ့သူတွေဖြစ်ပါရက်နဲ့ အမေရိကန်ရဲ့ဩဇာ တကယ်တမ်းကျ မရှိတာကိုပါ။ ထိုင်းနိုင်ငံမှာ အာဏာသိမ်းမှုတွေ တခုပြီးတခုဖြစ်နေတာက အခု တကယ့်ခေတ်သစ် နိုင်ငံရေးပါဘဲ။

**ဖြေ။** ကျနော်တို့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့တာ နှစ်ပေါင်း(၈၀)ကျော်ဘဲရှိပါသေးတယ်။ တခြား ဒီမိုကရေစီနိုင်ငံအမြောက်အမြားက ရာစုနှစ်ပေါင်းများစွာရှိပါပြီ။ သူတို့ဟာ ပြည်တွင်းစစ်တွေကိုဖြတ်သန်းခဲ့ရပါတယ်။ အခု ထိုင်းနိုင်ငံမှာဖြစ်နေတာထက် သွေးထွက်သံယိုတွေ ပိုများခဲ့ပါတယ်။ ဒါကြောင့် ရင့်ကျက်မှုဖြစ်စဉ်ဆိုတာကို ခင်ဗျားသိပါတယ်။ ဒီမိုကရေစီစနစ်တရပ် ရင့်ကျက်မှုရှိလာတယ်ဆိုတာ အမြဲတမ်းချောမွေ့ဖြောင့်ဖြူးနေတာမဟုတ်ဘူး။ ဒါပေမဲ့ ကျနော်ယုံကြည်တာ ဒီမိုကရေစီစနစ်တရပ်ဟာ ခုလိုလမ်းကြောင်းအတိုင်း တရွေ့ရွေ့ပြောင်းလဲဖြစ်ပေါ်ခဲ့တာဆိုရင် ပိုပြီးခိုင်မာတယ်လို့ထင်ပါတယ်။

**မေး။** ထိုင်းနိုင်ငံအမှတ်တံဆိပ် ဒီမိုကရေစီဆိုတာ ဘယ်လိုဆိုတာ ပုံပေါ်အောင် ခင်ဗျားပရိသတ်ကြီးကို ပြောပြနိုင်မလား။

**ဖြေ။** ကျနော်တို့ဟာ လစ်ဘရယ် ဒီမိုကရေစီနိုင်ငံပါ။ ဒါပေမဲ့ ကျနော်တို့ ဒီမိုကရေစီဟာ ရင့်ကျက်မှုရှိတဲ့၊ ကြီးထွားလာနေတဲ့ ဒီမိုကရေစီစနစ်ပါ။ နာကျင်မှုတွေအများကြီးရှိတဲ့ ခေတ်တွေကိုလဲ ကျနော်တို့ ဖြတ်သန်းလာခဲ့ရပါသည်။-----

(အယ်ဒီတာ။ ။Far Eastern Economic Review yg Haseenah Koyakutty . Thai PM Abhisit on Burma and Asean ကို ဆီလျော်အောင် ဘာသာပြန် တင်ပြပါသည်။)

# ချိုကုပ်ဒူးကြီးက မြောက်အိုပါးကို ကိုးကွယ်သတဲ့လား

၂၄ ဇွန်လ ၂၀၀၉




**"အနယားဆယော..... အညာကစကော....." "စာတန်းငေး ..... စာလုံးရေး" " အိုပါး ... အိုပါး ... ဒီညနေ ဘာချက်ရင်ကောင်းမလဲဟင်""ဩော်...စာတန်းငေးရယ်ရရတညင်းသီးနဲ့ငါးပိရည်လေးပါရင် ရပါပြီ".....“အိုပါးကို အဲဒါကြောင့် ချစ်နေရတာသိလား။ ဟင်းကောင်းကောင်း ချက်မကျွေးနိုင်တဲ့အတွက် ပီယားနေးပါ အိုပါးရယ်"**

ရန်ကုန်မြို့လယ် ဘတ်စ်ကားမှတ်တိုင်တွင်ဖြစ်သည်။ ကြိတ်ကြိတ်တိုးစည်ကားနေသည့် ကားစောင့်သူပရိသတ်အလယ်၌ **ဦးရက္ခစိုး၊ ဖိုးရှုပ်၊ ကြွက်စုတ်**တို့သုံးဦးသားရောက်ရှိနေကာမျက်စိသူငယ် နားသူငယ်ဖြစ်နေကြသည်။

**ဦးရက္ခစိုး**---ဟေ့ ဖိုးရှုပ်**...**ငါတို့ရောက်နေတာရန်ကုန်မှဟုတ်ရဲ့လားကွ။ **ဖိုးရှုပ်**---ဟုတ်ပါတယ် ဦးရက္ခစိုးရဲ့၊ တညင်းသီးစားတာ မြန်မာတနိုင်ငံတည်းရှိတာပဲဟာ၊ ခုနက တညင်းသီးဆိုတဲ့ အသံတောင်ကြားလိုက်သေးတယ်။ **ဦးရက္ခစိုး**---မဟုတ်ဘူးလေရရ သူတို့ဘာတွေပြောနေကြတာလဲ **...**ငါ တလုံးမှနားမလည်ဘူး၊ **အိုပါး**တဲ့**...အညာက စကောတဲ့...** ဘာတွေလဲဟ။ **ကြွက်စုတ်**----ဟာ ဦးရက္ခစိုးကြီးကလည်း ညံ့ရန်ကော **...**အဲဒါ ကိုရီးယားစကားတွေဗျ။ ကိုရီးယားဇာတ်လမ်းတွဲတွေ မှန်မှန်ကြည့်တဲ့သူဆိုသိတယ်။ **အိုပါး**ဆိုတာ အစ်ကိုလို့ခေါ်တာ။ **စာတန်းငေး**ဆိုတာ ညီမ၊ **အနယားဆယော**ဆိုတာ ကိုရီးယားလို **မင်္ဂလာပါ**လို့ပြောတာ။ **ပီယားနေး** ဆိုတာက **တောင်းပန်ပါတယ်**တဲ့။ **ဖိုးရှုပ်** --- ကြွက်စုတ်တောင် တော်တော်လေးကျွမ်းနေပြီပဲ**...**လေ့လာထား ဦးရက္ခစိုးရဲ့ **...**မကြာခင် ကိုရီးယားစကားကို နိုင်ငံတော်ဘာသာစကားလုပ်တော့မယ်လို့ကြားတယ်။ ထိုစဉ် သူတို့နားက ကြွက်တအုပ်ဖြတ်ပြေးသွားရာ**..**ဦးရက္ခစိုး လန့်ပြီးထခုန်လိုက်သည်။ **ဦးရက္ခစိုး**--- ကြွက်တွေကလည်းပေါလိုက်တာကွာ **...**။ ဘယ်လို ရန်ကုန်လည်းမသိပါဘူး။ ကလူကလူ။**ကြွက်စုတ်**--- ဦးရက္ခစိုးကလည်းဗျာ **...**မြောက်ကိုရီးယားသင်္ဘောကပ်မှာမို့လို့ ဒီလောက်များတဲ့ ကြွက်တွေချထားတာဖြစ်မှာပေါ့။ **ဖိုးရှုပ်**--- တလွဲပြောတော့မယ်။ ဦးရက္ခစိုးက အမြီးနဲ့ကြွက်အစစ်ကို ပြောတာကွ။ မင်းက ဘာကြွက်အကြောင်းပြောနေတာလဲ။ **ကြွက်စုတ်**---မသိဘူးလေကွာ**...**ငါကဟိုလုံခြုံရေးရဲတွေကိုပြောနေတာမှတ်လို့။ **ဦးရက္ခစိုး**---တော်တော့ တော်တော့ စကားမများကြနဲ့**...**ရဲတွေကို ကြွက်နဲ့မနှိုင်းနဲ့ကွ ကြွက်သိက္ခာကျတယ်။ သူတို့သုံးယောက် ကြွက်ပြဿနာအငြင်းပွားနေစဉ် လူတယောက်အနားသို့ရောက်လာပြီး **"အနယားဆယော"**ဟု လာနှုတ်ဆက်သည်။ **ရက္ခစိုး**---ဟာ ချိုကုပ်ဒူးကြီး (ဗိုလ်ချုပ်မှူးကြီး)**...**။ ရန်ကုန်ရောက်နေတာလားဗျ။ နေပြည်တော်မှာ ဂူအောင်းသိုင်းကျင့်မလို့ဆို **...**ဘယ်လိုဖြစ်တာလဲ။ **ချိုကုပ်(ဗိုလ်ချုပ်)**---ဟုတ်တယ် ဦးရက္ခစိုးရေ **...**။ ဂူအောင်းမယ့်ကိစ္စကို မောင်ကွေး**(မောင်အေး)**တို့နဲ့ခဏလွှဲထားခဲ့တယ်။ ကျုပ်ကအခု ကျုပ်တို့ရဲ့မြောက်အူပါး**(မြောက်ကိုးရီးယား)**ကို လာစောင့်တာ။ မိန်းမနဲ့ကလေး တပြုံကြီးလည်းပါလာတယ်။ အိုပါးကိုကြိုရမယ်လေ။ အခုတော့ သူတို့တွေကို ရန်ကုန်ရောက်တုန်းရောက်ခိုက် အင်းလျားလိပ်ဟိုတယ်မှာ သွားစားခိုင်းထားတယ်။ **ဖိုးရှုပ်**---ချိုကုပ်ဒူးကြီးလည်း တော်တော်လေး ကိုရီးယားစကားပြောတတ်နေပြီနော်။ **ချိုကုပ်(ဗိုလ်ချုပ်)**---ပြောတတ်ဆို ကျုပ်က တောင်အူပါး**(တောင်ကိုးရီးယား)**နဲ့ မြောက်အိုပါး**(မြောက်ကိုးရီးယား)**ကြားမှာ လယ်သလိုလုပ်စားလာတာကြာလှပြီပဲဟာ။ (တောင်အိုပါး)ကို ကမ်းလွန်ဓာတ်ငွေ့တူးဖို့ လာရင်းခိုင်း **...**ရတဲ့ပိုက်ဆံနဲ့ (မြောက်အိုပါး)ဆီက လက်နက်တွေ ဝယ်။ **ရက္ခစိုး**---အဲဒီတော့ မြောက်အူပါး**...**အဲယောင်လို့**...**(မြောက်ကိုရီးယား)က လက်နက်ရောင်းလို့ရတဲ့ ပိုက်ဆံတွေနဲ့ နျူကလီးယားလက်နက်တွေတပ်ဆင်ပြီး တောင်ကိုရီးယားကို ပြန်ခြိမ်းခြောက်မှာပေါ့။ **ချိုကုပ်**---ခြိမ်းခြောက်တယ်လို့မပြောနဲ့**...**စတယ်လို့ ယဉ်ယဉ်ကျေးကျေးသုံးစမ်းပါ။ **ကြွက်စုတ်**---ဒါနဲ့ အခုလာနေတဲ့ သင်္ဘောပေါ်မှာ ဘာတွေပါလာတာလဲဗျ။ **ချိုကုပ်(ဗိုလ်ချုပ်)**---ဒါက လျှို့ဝှက်ချက် **...** သိချင်ရင် ဒီနားကိုတိုး **..**ကျုပ်ပြောပြမယ်။ ပေါက်ကြားလို့မဖြစ်ဘူးဗျ။ ချိုကုပ်ကြီးအပြောကြောင့် သူတို့အားလုံး စိတ်ဝင်စားစွာ အနားကပ်လိုက်ကြသည်။ **ချိုကုပ်(ဗိုလ်ချုပ်)**---တကယ်က အဲဒီသင်္ဘောမှာ ဘာမှပါမလာဘူး**...** ဒီတိုင်းအလွတ်ကြီးပဲ။ ဦးရက္ခစိုးတို့သုံးယောက်လုံးအံ့အားသင့်သွားကြသည်။ **ဖိုးရှုပ်**---ဟာ တကမ္ဘာလုံးက ဒီလောက်အာရုံစိုက်နေကြတာကို **...** ဘာမှမပါဘူးဆိုတာ မဖြစ်နိုင်ဘူးဗျာ။ **ချိုကုပ်**---တကယ်မပါတာဗျ **...**တကယ်တော့ တကမ္ဘာလုံးကို ကျုပ်တို့က အာရုံလွှဲလိုက်တာ။ မြောက်အိုပါးနဲ့ပေါင်းပြီး အာရုံလွှဲတာပေါ့ဗျာ။ ကဲအခုတော့ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပါ ဘယ်သူပြောသေးလဲ ငဲ့ငဲ့။ **ရက္ခစိုး**---ဒါဆိုခင်ဗျားတို့က ပိုက်ဆံတွေ အလဟဿဖြုန်းနေကြတာပေါ့။ **ချိုကုပ်**---အလဟဿ ဘယ်ဟုတ်မလဲဗျ။ ကျုပ်တို့လက်ထဲမှာ နျူလက်နက်ရောက်နေပြီဆိုပြီး ပေါက်ဖော်ကြီးလည်း ငြိမ် **..** ကုလားကြီးလည်း မလှုပ်ရဲ **..**၊ ဟို ယပလက်(ယိုးဒယား)လေးတွေဆို အမြီးကိုကုပ်နေမှာ။ ဟီဟိ။ အသံထွက်ရဲထွက်ကြည့် **...** လှမ်းချိန်လိုက်မယ်ဆိုတာနဲ့ ပါးစပ်ပိတ်၊ တိတ်။ လျှောက်မဖွနဲ့ဦးနော်၊ ကျုပ်လက်ထဲမှာ နျူကလီးယားရှိတယ်လို့ပဲ အားလုံးကထင်ပစေ။ အခုမရှိသေးပေမယ့် မကြာခင်ရှိအောင်တကယ်လုပ်မှာ။ နိုင်ငံတကာက ကြောက်အောင် ဖြဲခြောက်ရုံလေးပဲ။ **ကြွက်စုတ်**---ဒီအကြံတွေ ခင်ဗျားကို ဘယ်သူပေးတာလဲ ချိုကုပ်ဒူးကြီး။ **ချိုကုပ်**--- ဘယ်သူရှိမလဲ **...** အိုပါးပေါ့ **...**ကျုပ်တို့ရဲ့ မြောက်အိုပါး**(မြောက်ကိုးရီးယား)** ကိုကိုအီး **(ကင်ဂျုံအီး)**ပေါ့။ သူလည်း ဒီလိုပဲလုပ်စားနေတာကြာလှပြီပဲဟာ။

စာမျက်နှာ(၁၅)သို့ ☛

စာမျက်နှာ(၁၄)မှ



ကျုပ်တို့မှာလည်း ဒီ တနည်းပဲရှိတော့လို့ပါဗျာ။ အဲဒီလိုမှ မဟုတ်ရင် နိုင်ငံတကာက ဝိုင်းဖိတော့မှာ **...**ကျုပ်တို့ခမျာ ဘယ်လောက် သနားစရာကောင်းလဲ။ ပြောရင်းက ချိုကုပ်ဒူးကြီး**(ဗိုလ်ချုပ်မှူးကြီး)** မျက်ရည်များဝိုင်းလာကာ **...**နှပ်ချေးများထွက်လာသည်။ **ချိုကုပ်**---တကယ်တော့ မြောက်အိုပါးက ကျုပ်ကိုသိပ်ကူညီတာဗျ။ သူ့ကိုကျုပ်က သိပ်အားကိုးတာ။အဲဒါကြောင့်**၂၀၁၀နောက်ပိုင်းဒီမိုကရေစီနိုင်ငံတော်ကြီးထူထောင်တဲ့အခါကျရင် ကိုရီးယားစကားသည် တို့စကား၊ ကိုရီးယားစာသည် တို့စာ၊ ကင်မ်ချီချဉ်ပတ်နဲ့ ဆန်ပြုတ်ကိုတနိုင်ငံလုံးစားရမည်၊ ၂၀၂၅ တွင် ချူကလီးယား နိုင်ငံတော်ကြီးကို ထူထောင်ကြစို့ဆိုတဲ့ ဆောင်ပုဒ်တွေအတိုင်း လျှောက်လှမ်းဖို့** စဉ်းစားထားတယ်။ **ဖိုးရှုပ်**---အင်း ဆန်ပြုတ်သောက်ရမှာတော့ မြင်ယောင်နေပါတယ်။ ခုတောင် လူတွေထမင်း မှနပ်မမှန်တာ။ **ချိုကုပ်(ဗိုလ်ချုပ်)**---အဲဒါက အရေးမကြီးပါဘူး။ အဲဒါကြီးနဲ့သာ ကစားရရင်သေပျော်ပြီ။ **ရက္ခစိုး**---ရန်ကုန်လည်း မြို့ပျက်ကြီးနဲ့တူနေပြီ **...**မီးလည်းမလာ၊ ရေလည်းမရှိ၊ ကြွက်တွေကပေါ်။ **ချိုကုပ်**---အဲဒါလည်း အရေးမကြီးပါဘူး။ ချူကလီးယားရှိရင်ပြီးပြီ။ **ကြွက်စုတ်**---နာဂစ်ဒုက္ခသည်တွေ ပြန်လည်ထူထောင်ရေးက ဘာမှလည်း မလုပ်ရသေးဘူး။**ချိုကုပ်(ဗိုလ်ချုပ်)**---သူ့ဟာသူ အဆင်ပြေသွားလိမ့်မယ်။ ချူကလီးယားရှိတယ်။ အိုပါးလည်း ရှိတယ်။ **ဖိုးရှုပ်**---ခင်ဗျား မိန်းမနဲ့ ကလေးတွေကော ဆန်ပြုတ်ပဲတိုက်မှာလား။ **ချိုကုပ်**--အိုပါးကိုမေးလိုက်ဦးမယ်။ ဟာ ယောင်လို့ **..**ဘယ်ဟုတ်မလဲ **.** ရန်ကုန်ရောက်တုန်းတောင်အင်းလျားလိပ်မှာ သွားစားခိုင်းထားပါတယ်ဆို။ ထိုစဉ် ချိုကုပ်ဒူးကြီးထံ ဖုန်းဝင်လာသည်။**ချိုကုပ်(ဗိုလ်ချုပ်)**---ဘာ **..**ကွိုင်ကွိုင်(ကြိုင်ကြိုင်)တို့အဖွဲ့ အင်းလျားလိပ်မှာ ပိုက်ဆံမပေးဘဲ စားကြတယ်ဟုတ်လား။ ဩော် တဖြုန်စဖြုန်တုပ်တာတောင် ဘာမှမပေးသွားဘူးလား။ အေးအေး သိပြီသိပြီ **...** ပြောလိုက်ကွာ**...ပီယားနေး**လို့ နော်**...**ဩော် တဆက်တည်းမှာရဦးမယ**...** စက်တင်ဘာတုန်းကရိုက်ခဲ့တဲ့ ဘုန်းဘုန်းတွေကိုလည်း **ပီယားနေး** လို့ ပြောလိုက် **...**ငါဖမ်းထားတဲ့ ဟိုကောင်မလေးကိုလည်း **ပီယားနေး**လို့ **...**နော် **...**ပြည်သူလူထုကြီးလည်း **ပီယားနေး ...**ဒါပဲ**...**ကဲ ဖုန်းချတော့မယ်ဟေ့။ အဲလိုပဲ ဦးရက္ခစိုးရေ **...**အလုပ်ကအရမ်းရှုပ်တယ်**...**ပီယားနေးဗျာ**...တောင်းပန်ပါတယ်ဗျာ** ဟုပြောဆိုသွားပါသည်။

**ရန်ကုန်သားတာတေ၏ ဤဆောင်းပါးအား ရေဝတီမဂ္ဂဇင်းအင်တာနက်စာမျက်နှာမှ ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် ကောက်နှုတ် တင်ပြပါသည်။**

# ဒီကေဘီအေမှ ထိုင်းနိုင်ငံဖက်ခြမ်းရှိ (သေ့ဘော့ထ)ရွာသား (၂)ဦးအား သေနတ်ဖြင့် ပစ်သတ်



ဖါးအဲ့ခလိန်း(၂၈)နှစ်ဇနီးနှင့် မွေးကင်းစ(၂)လသားအရွယ် ကလေးငယ်(၁)ဦးကျန်ရစ်။



ဖါးမော်ကလိုး(၃၆)နှစ်၏ဇနီး သားသမီး(၄)ယောက်ကျန်ရစ်

ဇွန်(၂၃) ည(၈း၃၀)နာရီ အချိန်တွင် အချိန်လောက်တွင် ဆိုင်ကယ်(၂)စီးဖြင့် လူ(၃)ဦးရောက်လာပြီး သေ့ဘော့ထ တွင်ရှိနေသော ရွာသားမိသားစုနေအိမ်သို့ ရောက်လာပြီး ၄င်းတို့မေးမြန်းချက်ကို မသိရှိသောကြောင့်ဆိုကာ သေနတ်သမားများမှ ပစ်သတ်ပြီး ဆိုင်ကယ်ဖြင့် ကလေ့ထ(သို့)မဲတရိ ဖက်သို့ထွက်သွားဟုသိရပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး တွဲဘက်အထွေထွေအတွင်းရေးမှူး (၁)ဗိုလ်မှူးစောလှငွေက **"ဖြစ်နိုင်ချေရှိတာက စီးပွားရေးနဲ့ နိုင်ငံရေးကြောင့်ပေါ့နော်၊စီးပွားရေးကြောင့်ဆိုတာက ဒီလူတွေက မီးသွေးဖုတ်တယ်၊ ငါးဖမ်းစားတယ်၊ မနက်လုပ် ညစား၊ ထိုင်းထဲမှာ မနက်နေ ညပြန်လုပ်စားနေတဲ့သူတွေ၊ ဒီလူတွေကို စီးပွားရေးကြောင့် သတ်တာတော့မဖြစ်နိုင်ဘူး၊ တဖက်ကမ်းမှာက တိုက်ပွဲတွေဖြစ်နေတော့ သူတို့က သွားလိုက်ပြန်လိုက်ဆိုတော့ မသင်္ကာတာနဲ့လာပစ်သွားတာဖြစ်နိုင်တယ်"** ဟုပြောသည်။ ထို့အတူ မဲ့စလေမှ ထိုင်းနိုင်ငံသား ဝန်ထမ်းတဦးက **"ထိုင်းနယ်ခြားစောင့်တပ်၏အစီအစဉ်ဖြင့်ဆိုပြီး တိုးတက်သောကရင်ဗုဒ္ဓဘာသာအဖွဲ့ ဒီကေဘီအေ(၉၉၉)တပ်ရင်း(၇)မှ ဒုရင်းမှူးအဆင့်ရှိသူက ထိုင်းဘက်ခြမ်း နောင်ဘိုးရွာသိုယခုရက်ပိုင်းအတွင်းက လာရောက်ကာ စစ်ပြေးဒုက္ခသည်များနေရပ်သို့ပြန်နိုင်ပြီဟုပြောကြားချက်ကို ထိုင်းဘက်ကစစ်ပြေးဒုက္ခသည်များကအခြေအနေကို ယုံကြည်မှုမရှိသည့်အတွက် ဒီကေဘီအေ၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း၊ စစ်ပြေးဒုက္ခသည်များအားတစုတစည်းထားရှိခြင်းသည် လုံခြုံရေးအရကောင်းမွန်ကြောင်း၊လောလောဆယ် ဒုက္ခသည်တွေပြန်သွားရင် သူတို့ရဲ့ကံကြမ္မာဟာဘယ်လိုဆက်ပြီးဖြစ်လာနိုင်မလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး၊ ဒါကြောင့်မို့ သူတို့ကို အခုလို အာဏာပိုင်တွေရဲ့စောင့်ရှောက်မှုအောက်မှာထားမယ့်ကိစ္စဟာ အင်မတန်ကောင်းတဲ့ အစီစဉ်ပဲ"** ဟုပြောသည်။

# ကေအိုင်အေ ကချင်တပ်ဖွဲ့နဲ့ ဝတပ်ဖွဲ့တွေ စစ်ရေးလေ့ကျင့်ပြင်ဆင်





၁၈ ဇွန်လ ၂၀၀၉

ကချင်လွတ်လပ်ရေးတပ်မတော်(ကေအိုင်အေ)ကို နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေးအတွက် မြန်မာစစ်အစိုးရက တောင်းဆိုလိုက်တဲ့နောက်မှာ(ကေအိုင်အေ)က သူတို့နယ်မြေအတွင်းမှာ စစ်ရေးလေ့ကျင့်တာတွေ ပိုမိုလုပ်ဆောင်လာသလို မြန်မာစစ်အစိုးရရဲ့ တပ်တွေဘက်ကလည်း လှုပ်ရှားမှုတွေ ရှိလာနေတယ်လို့ဒေသခံတွေကပြောပါသည်။

ဒီအခြေအနေနဲ့ပတ်သက်ပြီး ဒေသခံတွေပြောပြတာကတော့ **"နအဖ ကစစ်သင်တန်းတွေ တောထဲဝင်ပြီးတော့လေ့ကျင့်တာတွေ၊ စစ်သားစုဆောင်းတာတွေလုပ်နေတယ်၊ တချို့ဆိုရွာမှာတောင်မနေကြဘူး၊ထွက်ပြေးနေရတယ်(ကေအိုင်အေ) အခြေစိုက်တဲ့ တပ်မဟာ(၂)ဘက်မှာပေါ့။ မြို့ထဲမှာတောင် သေနတ်တွေပစ်နှစ်ဖက်စလုံးအပြိုင်အဆိုင်လေ့ကျင့်နေတာပေါ့။ ကြားတာကတော့ နအဖအစိုးရဘက်ကလည်းအဆင်သင့်ပဲ၊ အခုတောင် ကျမတို့ဇန်းမော်နဲ့ လွယ်ဂျယ် လမ်းပေါ့နော်၊ ညညဆိုရင်စစ်အစိုးရကားကြီးတွေ နဲ့ လက်နက်တွေ သယ်သယ်လာတယ်၊"** ဟုပြောပါသည်။

နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးအတွက် မြန်မာစစ်အစိုးရက တောင်းဆိုထားတာကို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို)က လူထုဆီကသဘောထားရယူပြီး အကြောင်းပြန်မယ်လို့ဆိုခဲ့ပါတယ်။ ဒီလို သဘောထားရယူရာမှာ ကချင်ပြည်သူတွေနဲ့ ကေအိုင်အေတပ်ဖွဲ့ဝင် အတော်များများက နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေးကို လက်မခံကြောင်း စာတွေရရှိပြီးတဲ့နောက်မှာ အခုလို စစ်ရေးအရပြင်ဆင်တာတွေ ဆောင်ရွက်လာတာ ဖြစ်ပါသည်။

ကေအိုင်အိုအဖွဲ့က ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဗိုလ်မှူးကြီး ဂျိမ်းလွန်ဒေါင်းကတော့ **"(ကေအိုင်အေ)ကို အသွင်ပြောင်းရေးနဲ့ပတ်သက်လို့ မြန်မာစစ်အစိုးရနဲ့ ကေအိုင်အေ)ကြားမှာ ညှိနှိုင်းလို့ရနိုင်မယ်လို့ယုံကြည်ထားကြောင်း၊ နအဖကနေ ဒီလိုတင်ပြလာတာဟာ သဘာဝကျပါတယ်။ ဒါပေမယ့် လက်တွေ့ပိုင်းမှာ ဒီ Mil itary ကို Reform လုပ်တာကို နောက်မှထားပါ၊ ရွေးကောက်ပွဲကိုပထမထားပါ၊ အဲဒီအစီအစဉ်ကိုလည်း အရှေ့ကဟာအနောက်ထားလိုက်၊ အနောက်ကဟာအရှေ့ထားလိုက်၊ အဲဒါပဲဟာ ရွေးကောက်ပွဲပြီးလို့ ပြည်သူတွေတင်မြှောက်တဲ့ အစိုးရတက်လာပြီးရင် ပြည်သူတွေအတွက်အာမခံချက်အပြည့် အဝရပြီဆိုရင်တော့ (ကေအိုင်အေ)ဟာလည်း အစိုးရတပ်မတော်လည်းဖြစ်လာနိုင်တာပေါ့၊"** ဟုပြောပါသည်။

ထို့အတူရှမ်းပြည်နယ်အတွင်းမှာလည်း ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံ၊ မိုင်းဆတ်နယ်မှာ အခြေစိုက်တဲ့ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(တောင်ပိုင်း)ကလည်း ကချင်တပ်ဖွဲ့တွေလို စစ်ရေးလေ့ကျင့်တာတွေလုပ်ဆောင်လာနေသလို မြန်မာစစ်အစိုးရဘက်ကလည်း တပ်အင်အားတိုးမြှင့်ချထားတာတွေရှိနေတယ်လို့ ထိုင်း-မြန်မာနယ်စပ်က ဒေသခံတယောက်က **"အခုက နအဖနဲ့ ဝတပ်တွေသိပ်အယုံအကြည်မရှိကြတော့ဘူး၊ အဲဒါကြောင့် နယ်စပ်ဒေသမှာရှိတဲ့ ဝ အဖွဲ့အစည်းကလည်း သူတို့ ဒီမြန်မာပြည်ဖက် ထိုင်းနယ်စပ်မှာ နီးနီးလေးနေရာမှာ စစ်ရေးတွေ တအားလေ့ကျင့်နေပြီ မိုင်းကျွတ်နဲ့ မိုင်းတုံအနောက်ပိုင်းက တပ်စခန်းနေရာကို စစ်ရေးလေ့ကျင့်နေတယ်။ နအဖကလည်း သံလွင်မြစ်ကမ်းနားမှာတော့ တပ်မ(၂)ခုချထားတယ်တဲ့၊ (၆၆)နဲ့(၈၈)အဲဒီတပ်မ(၂)ခုက သံလွင်မြစ်ဘက်ကနေရာယူထားတယ်၊ တာဆန်းတံတားနား ဒီဘက်ပိုင်းပေါ့။ တပ်မ(၈၈)နဲ့(၆၆)က သူတို့ကလည်း အင်အားအပြည့်နဲ့ သံလွင်မြစ် ဒီဘက်ကကျော်လာပြီးပြီပေါ့၊ ကျနော်တို့ပြောတဲ့နေရာတော့ သိပ်မဝေးကြဘူး၊ မြို့နယ်တခုအတွင်းမှာပဲ၊ ဒါဆို ဒီမှာလည်း စစ်ရေးတအားလေ့ကျင့်နေတယ်။ ဟိုမှာလည်း စစ်အင်အားနဲ့လာတယ်ဆိုတော့ သူတို့ကဘာလုပ်ကြမှန်းမသိသေးဘူးလေ"** ဟုပြောသည်။

ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ရဲ့ ဌာနချုပ်ကတော့ တရုတ်-မြန်မာနယ်စပ် ပန်ဆန်းမှာ အခြေစိုက်တာဖြစ်ပါတယ်။

သူတို့ရဲ့တောင်ပိုင်းတပ်ဖွဲ့ဟာ မိုင်းတုံ မိုင်းဆတ်နယ်မြေမှာ အခြေစိုက်ထားတာ ဖြစ်ပြီး မြန်မာစစ်အစိုးရဘက်က နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကမ်းလှမ်းတာကို ဝတပ်ဖွဲ့ကငြင်းပယ်လိုက်တဲ့နောက်မှာ တောင်ပိုင်းဝတပ်ဖွဲ့တွေကို တရုတ်-မြန်မာနယ်စပ်ဘက် ပြောင်းရွှေ့ဖို့ မြန်မာစစ်အစိုးရဘက်က တောင်းဆိုခဲ့ပြီးနောက်အခုလို တင်းမာမှုတွေဖြစ်လာပါသည်။

# တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများ ဇူလိုင်တွင် စာရင်းပေးရမည်



မြန်မာအလုပ်သမားများ မဲဆောက်ဆေးရုံကြီးတွင် ဆေးစစ်ရန်စောင့်ဆိုင်းနေစဉ်

၂၂ ဇွန်လ ၂၀၀၉

ထိုင်းနိုင်ငံရောက် မြန်မာအပါအဝင်၊ လာအို၊ ကမ္ဘောဒီးယား တရား မဝင် ရွှေ့ပြောင်းလုပ်သမားများကို လာမည့် ဇူလိုင်လ(၁)ရက်နေ့မှစ၍ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ထိုင်း အလုပ်သမားဝန်ကြီးဌာန၏ ရွှေ့ပြောင်းလုပ်သားများအတွက် ထုတ်ပြန်သည့် တရားဝင်ကြေညာချက်မှသိရပါသည်။

ယခုလ ၁၇ ရက်နေ့က ထိုင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာပညာရှင်များ၊ အဖွဲ့အစည်းများ ဘန်ကောက်မြို့တွင် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အကောင်းဆုံး မူဝါဒတခုချမှတ်နိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုလို ကြေညာချက်ပေါ်ထွက်လာခြင်းလည်းဖြစ်သည်။

ထိုဆွေးနွေးပွဲနှင့်ပတ်သက်၍ အစည်းအဝေး တက်ရောက်ခဲ့သူ အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB ၏ ဒုက္ခသည်နှင့် ရွှေ့ပြောင်းလုပ်သားရေးရာ တာဝန်ခံ ဦးသက်ခိုင်က **"မြန်မာလုပ်သားတွေအနေနဲ့ကတော့ ကိုယ့်ကိုထောက်ခံပေးမယ့် အလုပ်ရှင်ကိုရှာပြီး ဇူလိုင် ဒုတိယပတ်မှာမဖြစ်မနေ မှတ်ပုံတင်စာရင်းသွင်းထားရမှာဖြစ်တယ်၊ နောက်ပြီး တရားဝင်လုပ်သမားမှတ်ပုံတင်ထုတ်ပေးရန် စစ်ဆေးချိန်တွင်မူ သက်ဆိုင်ရာနိုင်ငံသားအဖြစ်အသိအမှတ်ပြုလက်မှတ်တိုလိုအပ်မှာဖြစ်တယ်၊ အလုပ်လုပ်ခွင့်မှတ်ပုံတင်ကိုလည်း အရောင်(၆)မျိုး ခွဲခြားထားမှာဖြစ်တယ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ကို (ပန်းရောင်)၊ ပင်လယ်ပြင်ငါးဖမ်းအလုပ်သမားများအတွက်(မိုးပြာရောင်)၊ ပင်လယ်အစားအသောက်ထုတ်လုပ်ငန်းအတွက် (လိမ္မော်ရောင်)၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းအတွက်(အစိမ်းရောင်)၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက်(အဝါရောင်)၊ အိမ်တွင်းမှုလုပ်ငန်းအတွက်(မီးခိုးရောင်)၊ အခြားလုပ်ငန်းများအတွက်(အညိုရောင်)အဖြစ် ခွဲခြားထားမှာဖြစ်တယ်"** ဟုပြောပါသည်။

ထိုအလုပ်သမားလက်မှတ်ကို ဇူလိုင်လ (၃၀)ရက်အတွင်း မှတ်ပုံတင်ခြင်းမပြုလုပ်နိုင်ပါက ဩဂုတ်လ(၁၀)ရက်အတွင်း အပြီးမှတ်ပုံတင်ရမည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားပါသည်။ ထို့အတူ မှတ်ပုံတင်ထားတဲ့ အလုပ်သမားတယောက်ဟာ ၂၀၁၀ဖေဖော်ဝါရီလကုန်အထိ ထိုင်းနိုင်ငံမှာ နေခွင့်ရမှာဖြစ်ပြီး နောက်ပိုင်းမှာ ဒီနိုင်ငံမှာအလုပ်လုပ်ချင်တယ်ဆိုရင် အမျိုးသားမှတ်ပုံဌာနမှာ ဆက်ပြီးမှတ်ပုံတင်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရရဲ့ အမျိုးသားမှတ်တင်ကိုအတည်ပြုပြီးတာနဲ့ သူတို့ရဲ့လက်မှတ်ကို(၂)နှစ်အထိသက်တမ်းပေးမယ်လို့ ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ် သတင်းစာမှာဖော်ပြထားပါတယ်။ အလုပ်သမားကတ်ကိုင်ဆောင်သူဟာ ကျန်းမာရေး၊ လူမှုရေးနဲ့ လုံခြုံရေးအတွက် အကာအကွယ်ရမှာဖြစ်ပေမယ့် ကိုယ်ဝန်ဆောင် မိခင်တွေအနေနဲ့ မမွေးခင်(၂)လအလိုမှာ သက်ဆိုင်ရာနိုင်ငံတွေဆီပြန်ပြီး မီးဖွားရမယ်လို့ သတင်းစာမှာဖော်ပြထားပါသည်။

# စာရေးဆရာကြီး ဦးဖေသိန်းကွယ်လွန်



၁၉ ဇွန်လ ၂၀၀၉

စာနယ်ဇင်း ကာတွန်းဆရာကြီး ဦးဖေသိန်းအသက်(၈၆)နှစ်သည် ယနေ့ နံနက်(၄)နာရီခန့်က ရန်ကုန်မြို့နေအိမ်တွင် ကွယ်လွန်သွားသည်။

ဆရာကြီး ဦးဖေသိန်းသည် ၁၉၈၈မှာရေးဆွဲခဲ့တဲ့ ကာတွန်းတခုက(၈၈)လူထုလှုပ်ရှားမှုနဲ့ တိုက်ဆိုင်သလိုဖြစ်သွားတဲ့အတွက် သုံးလေးနှစ်လောက် အပိတ်ခံရကြောင်းသိရပါသည်။ ထို့အတူ ကြေးမုံ၊ဟံသာဝတီသတင်းစာတွေမှာ ကာတွန်းပညာနဲ့ ပြည်သူ့ဘက်ရပ်တည်ပြီး ကာတွန်းတွေရေးခဲ့တယ်"ဟု ဦးဝင်းတင်က ပြောပြသည်။

ဦးဖေသိန်းသည် ရောဝတီတိုင်း၊ပန်းတနော်မြို့ဇာတိဖြစ်ပြီး မိဘများမှာ ရွှေပြည်တော် ဦးဘတင်၊ ဒေါ်ကျော့စိန် တို့ဖြစ်ပြီး ၁၉၄၇တွင် ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ မြေတောင်မြှောက်ပေးမှုဖြင့် အိုးဝေဂျာနယ် ကာတွန်းများစတင်ရေးဆွဲပြီး စာနယ်ဇင်းလောကသို့ဝင်ရောက်ခဲ့သည်။ ထို့အတူ နာမည်ကျော်ကြေးမုံသတင်းစာများတွင်လည်း စာလုံးပုံစံသည် ဦးဖေသိန်း၏လက်ရာဖြစ်သည်။ ဆရာကြီး ဦးဖေသိန်း၏ ကျော်ကြားသော ကာတွန်းစာအုပ်များမှာ ပုံပမာကာတွန်းစာအုပ်များ၊ ငါးပါးသီလကာတွန်းပဒေသာ၊ ၃၈ဖြာမင်္ဂလာကာတွန်းပဒေသာ၊ အီစွပ်ဂန္ထဝင်ပုံပြင်၊ စကားပုံ ပုံပမာ၊ တရားတော်လာ ပုံပမာ၊ အနန္တေ၁အနန္တငါးပါး ကာတွန်းပဒေသာ စာအုပ်များကိုကိုယ်တိုင်ရေးသားထုတ်ဝေခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးသည် ဒေါ်ခင်လေးနွယ်နှင့် သား(၅)ဦး၊ သမီး(၁)ဦး ကျန်ခဲ့ပါသည်။

# ........မြင်ရမှာက ဒီလို........







အမည်–ဒေါ်စု

ညှော်စာရင်းမတိုင်ကြားခြင်း

ထောင်ဒဏ် ၁၄ ရက်

ဒဏ်ငွေ ၃၀ ကျပ်

(သို့သော် စွပ်စွဲခံရသူသည် ပြစ်မှုထင်ရှားစွာ မတွေ့ရှိရသဖြင့် အမှုကိုပယ်လိုက်သည်)

အမည်–ဝီလီယံကြက်တော

ပိုင်နက်ကျူးလွန်မှု

ထောင်ဒဏ် ၃ လ

ဒဏ်ငွေ ၅၀၀ ကျပ်

(သို့သော် စိတ်ပေါ့သွပ်နေသူ ဖြစ်သဖြင့် အမှုမပြောက်ပါ )

အမည်–ဂျိုကုတ်အုန်းကြီး

နိုင်ငံတော်လုပ်ကြံမှု

**သေဒဏ်**

(သတ်မှတ်ဥပဒေကို ကျူးလွန်ပေါက်ဖျက်ကြောင်း ထင်ရှားပါသဖြင့် မသေမချင်း သေဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်)

ပုံ/ တရားသူကြီးချုပ်

**ဆက်သွယ်ရန်**

**SYCB**

P.0.box,123
Mae sot,tak-63110,Thailand

Tel; 055 546086

Email- sycbcongress@gmail.com

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှန်အား မြန်မာပြည် ရွှေပြောင်းအလုပ်သမားများ အချိန်မှီသိရှိနိုင်ရန်အတွက် (အက်စ်ဝိုင်စီဘီ)သတင်းနှင့်ပြန်ကြားရေးမှထုတ်ဝေသည်။

သတင်းလွှာပါ သတင်းနှင့်ဓါတ်ပုံများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ ခေတ်ပြိုင်၊ ဧရာဝတီ၊ ရိုးမ၃၊ အာအက်ဖ်အေ အင်တာနက်စာမျက်နှာများမှ သုတေသနပြုလုပ်၍ ကောက်နုတ်ဖော်ပြပါသည်။